# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်
# ပဉ္စမပုံမှန်အစည်းအဝေး
# (၂၀) ရက်မြောက်နေ့ မှတ်တမ်း

အကြမ်း



| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၁ | ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ နေရာယူခြင်း | ၁ |
| ၂ | ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း | ၂ |
| ၃ | ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေး (၂၀) ရက်မြောက်နေ့ အစီအစဉ်ကြေညာခြင်း | ၂ |
| ၄ | အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း | ၂ |
| ၅ | ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း | ၃ |
| ၆ | ပြည်သူ့လွှတ်တော် ပညာရေးမြှင့်တင်မှုကော်မတီ၏ အစီရင်ခံစာကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း | ၄ |
| ၇ | ပြည်သူ့လွှတ်တော် ပညာရေးမြှင့်တင်မှုကော်မတီ၏ အစီရင်ခံစာကို သဘောတူလက်ခံရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏ အတည်ပြုချက်ရယူခြင်း | ၈ |
| ၈ | ပြည်ထောင်စုတရားလွှတ်တော်ချုပ်က တင်သွင်းသော အထူးထိမ်းမြားခြင်းဆိုင်ရာအက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြင်ဆင်ချက်ဖြင့်အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း | ၉ |
| ၉ | ဒေါ်မိကွန်ချမ်း၊ ပေါင်မဲဆန္ဒနယ်က တင်သွင်းသည့် အဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း | ၁၁ |
| ၁၀ | ဒေါ်မိကွန်ချမ်း၊ ပေါင်မဲဆန္ဒနယ်က တင်သွင်းသည့်အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်းဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း | ၃၉ |
| ၁၁ | ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေး (၂၀) ရက်မြောက်နေ့ကို ရပ်နားကြောင်းနှင့် အစည်းအဝေး (၂၁) ရက်မြောက်နေ့ ဆက်လက် ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း | ၄၆ |

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမ ပုံမှန်အစည်းအဝေး

# (၂၀)ရက်မြောက်နေ့ အစီအစဉ်

# [ ၂၃-၆-၂၀၁၇ ] (သောကြာနေ့) နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမ ပုံမှန်အစည်းအဝေး (၂၀)ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ပြည်သူ့လွှတ်တော်၊ ပညာရေးမြှင့်တင်မှုကော်မတီ၏ အစီရင်ခံစာကို အောက်ပါ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း-

(က) ဦးမြင့်ကြည်၊ ကသာ မဲဆန္ဒနယ်၊

(ခ) ဦးစိုင်းအောင်ကျော်၊ ကျေးသီး မဲဆန္ဒနယ်၊

၆။ ပြည်သူ့လွှတ်တော်၊ ပညာရေးမြှင့်တင်မှုကော်မတီ၏ အစီရင်ခံစာကို သဘောတူ လက်ခံရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏ အတည်ပြုချက်ရယူခြင်း၊

၇။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က တင်သွင်းသော **"အထူးထိမ်းမြားခြင်းဆိုင်ရာ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း"** နှင့် စပ်လျဉ်း၍ ပြင်ဆင်ချက်ဖြင့် အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း၊

၈။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည် ပေးပို့လာသော **"ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာ ဥပဒေကြမ်း"**ကို လက်ခံရရှိကြောင်းနှင့် ပြင်ဆင်ချက် အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်း နိုင်ကြောင်း လွှတ်တော်သို့ အသိပေး တင်ပြခြင်း၊

၉။ ဒေါ်မိကွန်ချမ်း၊ ပေါင် မဲဆန္ဒနယ်က တင်သွင်းသည့် **“နိုင်ငံတစ်ဝန်းလုံးရှိပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်များကို ထိခိုက်နစ်နာစေပြီး ပြည်သူအများ သဘောမတွေ့ လက်မခံသော နှစ်ရှည်စီမံကိန်းများနှင့် ခေတ်အဆက်ဆက် အစိုးရမှ ခွင့်ပြုထားသည့် လုပ်ငန်းများကို ပြန်လည်စိစစ်ပေးပါရန် ပြည်ထောင်စု အစိုးရကို တိုက်တွန်းကြောင်း”** အဆိုကို အောက်ပါလွှတ်တော် ကိုယ်စားလှယ်များက ဆွေးနွေးခြင်း–

(က) ဦးဝင်းမြင့်ဦး(ခ)ဦးနေမျိုး၊ ညောင်ရွှေ မဲဆန္ဒနယ်၊

(ခ) ဦးဉာဏ်ဟိန်း၊ သံဖြူဇရပ် မဲဆန္ဒနယ်၊

(ဂ) ဒေါက်တာဦးအောင်ခင်၊ ပြင်ဦးလွင် မဲဆန္ဒနယ်၊

(ဃ) ဒေါ်အေးမြမြမျိုး၊ ကျောက်တန်း မဲဆန္ဒနယ်၊

(င) ဦးနေလင်းထွန်း၊ ဘုတ်ပြင်း မဲဆန္ဒနယ်၊

(စ) ဦးကံမြင့်၊ သရက် မဲဆန္ဒနယ်၊

(ဆ) ဒေါ်ဖြူဖြူသင်း၊ မင်္ဂလာတောင်ညွန့် မဲဆန္ဒနယ်၊

(ဇ) ဒေါ်မာမာခိုင်၊ သထုံ မဲဆန္ဒနယ်၊

(ဈ) ဦးမြင့်ဝေ၊ ငွ မဲဆန္ဒနယ်၊

(ည) ဒေါ်နန်းထွေးသူ၊ ဖားဆောင်း မဲဆန္ဒနယ်၊

(ဋ) ဦးဘိုဘိုဦး၊ စမ်းချောင်း မဲဆန္ဒနယ်၊

(ဌ) ဦးရည်မွန်(ခ)မောင်တင်သစ်၊ ပုဗ္ဗသီရိ မဲဆန္ဒနယ်၊

(ဍ) ဦးဝင်းသိန်းဇော်၊ ဆားလင်းကြီး မဲဆန္ဒနယ်၊

၁၀။ အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်း ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၁၁။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမ ပုံမှန်အစည်းအဝေး (၂၀)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၂၁)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး**

**(၂၀)ရက်မြောက်နေ့မှတ်တမ်း**

**၁၃၇၉ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၄ ရက်**

**(၂၀၁၇ ခုနှစ်၊ ဇွန်လ ၂၃ ရက်)**

**(သောကြာနေ့)**

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၂၀)ရက်မြောက်နေ့ကို နံနက် ၁၀း၁၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။

**အချိန်၊ ၁၀း၁၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၂၀)ရက်မြောက်နေ့ အစီအစဉ်စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌသည် ဒုတိယဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ကြွရောက် နေရာယူပါသည်။

**ဒုတိယဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါခင်ဗျား။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၂၀)ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော် အခွင့်အရေး ကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ၄၃၅ ဦးရှိသည့်အနက် ၃၉၃ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက် ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၉၀.၃၄ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေ ထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဒုတိယဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဦးသောင်းဌေးလင်း(အဖွဲ့ဝင်၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၂၀၁၇ ခုနှစ်၊ ဇွန်လ ၂၃ ရက်နေ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၂၀)ရက်မြောက်နေ့သို့ မတက်ရောက်နိုင်ပါသဖြင့် ခွင့်ပန်ကြားသူ လွှတ်တော်ကိုယ်စားလှယ်များ၏ကိုယ်စား ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေး ကော်မတီအဖွဲ့ဝင် ကျွန်တော်ဦးသောင်းဌေးလင်း၊ ပုသိမ်ကြီးမဲဆန္ဒနယ်က ကိုယ်စားခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်မှာ ယနေ့တက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ် ၄၃၅ ဦးရှိပြီး တက်ရောက်သူကိုယ်စားလှယ် ၃၉၃ ဦးရှိကာ ယနေ့ ခွင့်ပန်ကြားသူ ၁၃ ဦးရှိပါတယ်။ ခွင့်ပန်ကြားသူ များကတော့-

(၁) မင်းလှမဲဆန္ဒနယ်မှ ဒေါက်တာသန်းအောင်စိုး ခွင့် ၁ ရက်၊

(၂) ဇေယျာသီရိမဲဆန္ဒနယ်မှ ဦးလှဌေးဝင်း ခွင့် ၁ ရက်၊

(၃) မရမ်းကုန်းမဲဆန္ဒနယ်မှ ဒေါက်တာဒေါ်မေဝင်းမြင့် ခွင့် ၁ ရက်၊

(၄) ကျိုက်ထိုမဲဆန္ဒနယ်မှ ဒေါက်တာခင်ဆောင် ခွင့် ၁ ရက်၊

(၅) ရေးမဲဆန္ဒနယ်မှ ဒေါက်တာအောင်ထွန်းခိုင်(ခ)ဦးချိန်ဝင်း ခွင့် ၁ ရက်၊

(၆) တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးမိုးကျော် ခွင့် ၁ ရက်၊

(၇) စလင်းမဲဆန္ဒနယ်မှ ဦးကံဦး ခွင့် ၁ ရက်၊

(၈) ဗန်းမော်မဲဆန္ဒနယ်မှ ဦးအောင်သိန်း ခွင့် ၁ ရက်၊

(၉) တနိုင်းမဲဆန္ဒနယ်မှ ဦးလင်းလင်းဦး ခွင့် ၁ ရက်၊

(၁၀) မံစီမဲဆန္ဒနယ်မှ ဦးချင်းဖေလင်း ခွင့် ၁ ရက်၊

(၁၁) မြစ်ကြီးနားမဲဆန္ဒနယ်မှ ဦးအင်ထုံးခါးနော်ဆမ် ခွင့် ၁ ရက်၊

(၁၂) ခရမ်းမဲဆန္ဒနယ်မှ ဒေါက်တာအေးမင်း ခွင့် ၁ ရက်နှင့်

(၁၃) ဒဂုံမဲဆန္ဒနယ်မှ ဒေါက်တာဒေါ်သက်သက်ခိုင် ခွင့် ၁ ရက်တို့ဖြစ်ကြပါတယ်။ ယခင်ခွင့်ပန်ကြားသူ ၂၉ ဦး၊ ယနေ့ ခွင့်ပန်ကြားသူ ၁၃ ဦး စုစုပေါင်း ခွင့်ပန်ကြားသူ ၄၂ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် အထက်ပါ ကိုယ်စားလှယ်များ၏ခွင့်ပန်ကြားမှုအား ခွင့်အဖြစ် ခွင့်ပြုပေးပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၃၅ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၂၉ ဦး၊ ယနေ့ခွင့်ပြုထားသူ ၁၃ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူစုစုပေါင်း ၄၂ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကိုလွှတ်တော်ရဲ့အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အတည်ပြုမှတ်တမ်းတင်ရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။

**ဒုတိယဥက္ကဋ္ဌ။** ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များအစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ပြည်သူ့လွှတ်တော် ပညာရေးမြှင့်တင်မှုကော်မတီ၏ အစီရင်ခံစာကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း

**ဒုတိယဥက္ကဋ္ဌ။** ။ အစီအစဉ် ၅ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၁၄)ရက်မြောက်နေ့တွင် တင်သွင်းခဲ့တဲ့ ပညာရေးမြှင့်တင်မှုကော်မတီ၏ အစီရင်ခံစာနှင့်စပ်လျဉ်းပြီး ဆွေးနွေးလိုကြောင်း လွှတ်တော် ကိုယ်စားလှယ်နှစ်ဦးက အမည်စာရင်းတင်သွင်းထားပါတယ်။ ပထမဦးစွာ ကသာမဲဆန္ဒနယ်မှ ဦးမြင့်ကြည်ကို ဆွေးနွေးရန် ဖိတ်ခေါ်ပါတယ်။

**ဦးမြင့်ကြည်(ကသာမဲဆန္ဒနယ်)** ။ ။ လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော်ဒုတိယ ဥက္ကဋ္ဌကြီးနှင့် ကြွရောက်လာကြသူအားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ ကသာမဲဆန္ဒနယ် ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ကြည်ဖြစ်ပြီး ပြည်သူ့လွှတ်တော် ပညာရေးမြှင့်တင်မှုကော်မတီရဲ့ အစီရင်ခံစာအမှတ်(၁/၂၀၁၇) ကို အကြံပြုဆွေးနွေးမှာ ဖြစ်ပါတယ်။ တကယ်တော့ ပညာရေးကဏ္ဍ ဟာ အလွန်နက်ရှိုင်းကျယ်ပြန့်တာကြောင့် ဆွေးနွေးလို့ဖြင့် မဆုံးနိုင်တယ်လို့ပဲ ပြောရမှာပါ။ ပညာရေး မဟာဗျူဟာစီမံကိန်း ၂၀၁၆-၂၀၂၁ အနှစ်ချုပ်စာမျက်နှာ ၉ မှာလည်း မြန်မာနိုင်ငံအနေနဲ့ ဦးစားပေး ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍကို တိုးချဲ့လုပ်ဆောင်နိုင်ဖို့အတွက် အလုပ်အကိုင်အခွင့်အလမ်းတွေရလာ တောင်မှ လိုအပ်ချက်နှင့်ကိုက်ညီတဲ့ ကျွမ်းကျင်လုပ်သားတွေမလုံလောက်မှုနဲ့ နောက်တစ်ခုက လုပ်ငန်းထိထိရောက်ရောက်လုပ် ကိုင်နိုင်ဖို့လိုအပ်တဲ့ အုပ်ချုပ်စီမံစွမ်းရည်မြှင့်တင်ပေးဖို့ လိုအပ်နေ တယ်ဆိုတဲ့ စိန်ခေါ်မှုနှစ်ရပ်နှင့် ရင်ဆိုင်နေရပြီး ဒါတွေကိုဖြေရှင်းဖို့ ပညာရေးကဏ္ဍဟာ အရေးပါတဲ့ အခန်းကဏ္ဍမှာပါပါတယ်လို့ ဖော်ပြထားပါတယ်။ နောက်ထင်သာမြင်သာတစ်ခုအနေနဲ့ကတော့ ကျွန်တော်တို့ ရောင်းချစာရာ သယံဇာတပစ္စည်းဘာမှမရှိဘဲနဲ့ ဂျပန်-စင်ကာပူ-အစ္စရေးလိုနိုင်ငံမျိုး တွေဟာ ကမ္ဘာမှာတူတူတန်တန်ဖြစ်နေတာ တွေ့ရပါတယ်။ ဒါဟာ ကျွန်တော်တို့ပညာရဲ့တန်ခိုး၊ ပညာရဲ့ သတ္တိပါ။ အဲဒီတော့ ကျွန်တော်အခု ဆွေးနွေးမှာက ပြည်သူ့လွှတ်တော် ပညာရေးမြှင့်တင်မှုကော်မတီရဲ့ လုပ်ငန်းဆောင်ရွက်ချက် အစီရင်ခံစာဖြစ်တော့တာ ဒီအစီရင်ခံစာဘောင်ထဲကပဲ ရသလောက်တင်ပြ သွားပါမယ်။ ဒီအစီရင်ခံစာရဲ့ စာမျက်နှာ(၄) အပိုဒ် ၁၀ မှာဖော်ပြထားတာက ပညာမြှင့်တင်မှုလုပ်ငန်း များဆောင်ရွက်ရာတွင် အောက်ပါအတိုင်းကဏ္ဍများ ခွဲခြား၍သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနနှင့်

ညှိနှိုင်းဆောင်ရွက်လျက်ရှိပါသည်။ အဆိုပါ ကဏ္ဍများမှာဆိုပြီး ကဏ္ဍခြောက်ခု ခွဲထားပါတယ်။ အဲဒီ အထဲကမှ (ခ) ကျောင်းဆောင်သစ်ဆောက်လုပ်ခြင်း၊ (ဂ) အန္တရာယ်ရှိကျောင်းဆောင်များ အသစ်ပြန်လည်ဆောက်လုပ်ခြင်း၊ (ဃ) ဥပဓိရုပ်မကောင်းသော ကျောင်းများကိုပြုပြင်ခြင်း၊ (င) သဘာဝဘေးဒဏ်ကြောင့် ကျောင်းများဆောက်လုပ်ခြင်းဆိုတဲ့ ကဏ္ဍလေးရပ်ကို လိုရင်းတိုရှင်းဆွေးနွေးပါမယ်။ တကယ်တော့ ဒီကဏ္ဍလေးရပ်လုံးဟာ ဆောက်လုပ်ရေးလုပ်ငန်းတွေဖြစ်ပြီး ပြည်ထောင်စုပညာရေးဝန်ကြီးဌာန၏ ငွေလုံးငွေရင်းအသုံးစရိတ်နှင့် အကျုံးဝင်ပါတယ်။ အဲဒီမှာ ဘတ်ဂျက်ခွင့်ပြုပုံကို ဥပမာလေးနည်းနည်းနဲ့ ကောက်နုတ်ထောက်ပြချင်ပါတယ်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာ မူလတန်းကျောင်းအသစ်ဆောက်ဖို့ ချမှတ်ပေးရာမှာ ကချင်ပြည်နယ်က သွားလာရအလွန်ခက်တဲ့ ပူတာအို၊ ဖားကန့်လိုနေရာမျိုးက ရွာတွေ၊ ကယားပြည်နယ်က ရွာတွေ၊ နာဂအုပ်ချုပ်ခွင့်ရဒေသက နန်းယွန်း၊ လဟယ်စတဲ့ဒေသတွေက ရွာတွေ၊ နောက် သွားရလာရလွယ်ကူတဲ့ စစ်ကိုင်းတိုင်းဒေသကြီးကန့်ဘလူ၊ ဘုတလင်စတဲ့နေရာတွေက ရွာတွေဆိုပြီးပါပါတယ်။ အားလုံးအတွက် ပေ ၆၀ x ပေ ၃၀ သွပ်မိုး၊ အုတ်ညှပ်ဖြစ်ပြီးတော့မှ ခွင့်ပြုငွေကလည်း တစ်ပြေးညီ ၂၃၄ သိန်းစီပါ။ တကယ်တော့ ပူတာအိုတို့၊ ဖားကန့်တို့၊ နန်းယွန်း၊ လဟယ်တို့ဆိုတာ အလွန်အသွားအလာရခက်ပြီးတော့မှ သယ်ပို့စရိတ်အဆမတန် ပိုမိုကုန်ကျပါတယ်။ ဒီအချက်ကို ထည့်သွင်းစဉ်းစားပြီး မြန်မာနိုင်ငံတစ်နိုင်ငံလုံးက ဒီလိုအလားတူ အခက်အခဲရှိတဲ့ရွာတွေအတွက် ခွင့်ပြုငွေ ပိုမိုချပေးမှသဘာဝကျမှာပါ။ နောက်တစ်ခုက အဆောက်အဦကိစ္စနဲ့ပဲ တင်ပြစရာကိစ္စတစ်ခုက ပညာရေးဌာနဟာ နှစ်တော်တော် များများလုပ်ခဲ့တဲ့ပုံစံအား တစ်ပြည်လုံးက မူလတန်းကျောင်း၊ အလယ်တန်းကျောင်း၊ အထက်ကျောင်းတွေကို ပုံစံတူဒီဇိုင်းထုတ်ပြီး ဆောက်စေခဲ့တာပါ။ ဒီမှာပြဿနာတွေ့ရတာက မိုးရာသီရေကြီးရေလျှံတဲ့ ရက်တွေမှာ မြစ်ဘေးချောင်းဘေးနားကရွာတွေဟာ ရေနစ်ဇရိယာတွေဖြစ်ကုန်ပါတယ်။ ရွာတွင်း၊ ရွာပြင် ခြေကျင်တောင်သွားလို့မရတော့ဘဲ လှေတို့၊ ပဲ့ထောင်တို့နဲ့သာသွားနိုင်ကြတော့ အဲဒီရွာတွေက ကျောင်းတွေဆိုတာ အနည်းဆုံးအောက်ခြေ Foundation အထိတော့ အားလုံးလိုလိုမြုပ်ပါတယ်။ တချို့ကျတော့ ဒီထက်ပိုဆိုးတာတွေရှိပါတယ်။ ကျွန်တော်အကြံပြုချင်တာက ဒီလိုရွာမျိုးတွေမှာ ကျောင်းသစ်ဆောက်မယ်ဆိုရင် ခြေတံရှည်ဒီဇိုင်းနဲ့မှ အဆင်ပြေမှာဖြစ်ပါတယ်။ ဘတ်ဂျက်ကတော့ အထိုက်အလျောက်ပိုပြီးတော့မှ ကုန်ကျပေမယ့်လို့ ဝန်ကြီးဌာနက လက်ခံစဉ်းစားပေးဖို့ ပညာရေးကော်မတီက အကြံပြုစေချင်ပါတယ်။ နောက်တစ်ခုကတော့ အဲဒီလို ရွာမျိုးတွေမှာ မြစ်ကူးချောင်းခြား မြို့ကျောင်းကိုနေ့စဉ်ကူးတို့နှင့်အသွားအပြန် သက်စွန့်စံဖျားကျောင်းတက်ရသူတွေရှိပါတယ်။ မိုးချိန်၊ လေချိန်မှာ

အလွှန်အန္တရာယ်များလို့ သူတို့အတွက် အသက်ကယ်အကျီတွေကို သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ညှိပြီးတော့မှ ပညာရေးမြှင့်တင်မှုကော်မတီအနေနဲ့ အကြံပေး၊ စီမံပေးနိုင်ဖို့ အကြံပြုအပ်ပါတယ်။

နောက်တစ်ခုကတော့ ဒီကနေ့ မူးယစ်ဆေးဝါးကိစ္စဟာ တက္ကသိုလ်၊ ကောလိပ်တွေ၊ အခြေခံကျောင်းတွေအထိ ကူးစက်ထိုးဖောက်လာတာတွေလည်း သတင်းတွေသိနေရပါတယ်။ အလွန်တုန်လှုပ်ဖို့ကောင်းပါတယ်။ အစီရင်ခံစာ စာမျက်နှာ(၂) အပိုဒ် ၅ မှာ ကော်မတီတာဝန် ခြောက်ရပ်ရှိတဲ့အနက် အပိုဒ်ခွဲ(ဂ)မှာ ဘက်စုံအယူအဆ၊ အတွေးအခေါ် မှန်ကန်၍ အကျင့်စာရိတ္တကောင်းမွန်ပြီး နိုင်ငံတော်တည်ဆောက်ရေးအတွက် အကျိုးပြုမည့် ခေတ်မီပညာရေးစနစ် ဖော်ဆောင်ရာတွင် ကူညီဆောင်ရွက်ပေးရမည်ဆိုပြီးတော့မှ ကော်မတီရဲ့တာဝန်တစ်ရပ်အနေနဲ့ ဖော်ပြထားတာ တွေ့ရပါတယ်။ ဒါကြောင့် စာရိတ္တရေးရာထိခိုက်ပျက်စီးစေတဲ့ ဒီမူးယစ်ဆေးဝါးကို ကောင်းစွာတားစီးကာကွယ်နိုင်မယ့် အစီအမံများ စဉ်းစားချမှတ်ပေးစေဖို့လည်း အကြံပြုအပ်ပါတယ်။ နောက်တစ်ခုက ပြည်တွင်း တက္ကသိုလ်၊ ကောလိပ်တွေစုပေါင်းပြီး အဆင့်မြင့်ပညာရေးမြှင့်တင်မှု အကောင်အထည်ဖော်ဆောင်ရွက်ရေး နှီးနှောဖလှယ်ပွဲကို နှစ်စဉ်ကျင်းပနေတာရှိပါတယ်။ ပြည်နယ်နှင့်တိုင်းဒေသကြီး အသီးသီးက တက္ကသိုလ်တွေ၊ ကောလိပ်တွေက တာဝန်ရှိတဲ့ပုဂ္ဂိုလ်တွေ၊ ပါမောက္ခတွေ၊ ကထိကတွေ တက်ရောက်ညှိနှိုင်းဆွေးနွေးနေကြတာပါ။ အဲဒီမှာ အကြောင်းအရာမျိုးစုံစာတမ်းဖတ်တဲ့ အစီအစဉ်တွေလည်းပါပါတယ်။ ဒီပညာရေးကဏ္ဍနှီးနှောဖလှယ်ပွဲမျိုးမှာ ပြည်သူ့လွှတ်တော် ပညာရေးမြှင့်တင်မှုကော်မတီအနေနဲ့ ကော်မတီကိုယ်စားပြုစာတမ်း တင်သွင်းသင့်သလို အမျိုးသားပညာရေးကော်မရှင်ကိုလည်း အလျဉ်းသင့်သလို အကြံပြုစာတွေပေးပို့ရင် ပိုမိုထိရောက်တယ်လို့ အကြံပြုသုံးသပ်ရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ**။ ။ ကျေးသီးမဲဆန္ဒနယ်မှ ဦးစိုင်းအောင်ကျော် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးစိုင်းအောင်ကျော်(ကျေးသီးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်များ၊ ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာရွှင်လန်းချမ်းမြေ့ပါစေကြောင်း ဦးစွာပထမနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ကျေးသီးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းအောင်ကျော် ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ ပြည်သူ့လွှတ်တော်က ပညာရေးမြှင့်တင်မှုကော်မတီရဲ့ လုပ်ငန်းအစီရင်ခံစာ (၁/၂၀၁၇) အပေါ် မိမိရဲ့ပညာရေးဝန်ထမ်းဘဝ

အတွေ့အကြုံများနှင့်ပေါင်းစပ်ပြီးတော့ အပြုသဘောဆောင်တဲ့ သုံးသပ်ဆွေးနွေးတင်ပြသွားမှာဖြစ်ပါတယ်။ ပညာရေးကဏ္ဍဟာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကကျတဲ့အခြေခံအုပ်မြစ်ဖြစ်ပါတယ်။ ဒီလိုကြီးမားလေးနက်တဲ့ နယ်ပယ်အပေါ် ကော်မတီရဲ့ပညာရေးမြှင့်တင်ပေးတဲ့အပိုင်းဟာလည်း အစီရင်ခံစာအတွင်းမှာ ကျယ်ကျယ်ပြန့်ပြန့်မြင်တွေ့ရလိမ့်မယ်လို့ မျှော်လင့်ခဲ့ပေမယ့် ကော်မတီရဲ့အဓိကလုပ်ဆောင်မှုကို ခြုံပြီးကြည့်တဲ့အခါမှာ ကျွန်တော့်အနေနဲ့ အနည်းငယ်လောက်ပဲ တွေ့ခဲ့ရတယ်ဆိုတာကို ပထမဆုံးဝန်ခံရမှာ ဖြစ်ပါတယ်။ ဒီကနေ့ မြန်မာ့လူ့အဖွဲ့အစည်းမှာ ဆင်းရဲချမ်းသာကွာဟမှု မြို့ပြနှင့်ကျေးလက်အလုပ်အကိုင်အခွင့်အလမ်းကွာဟမှု နေရပ်စွန့်ခွာပြောင်းရွှေ့နေထိုင်မှု၊ လူကုန်ကူးခံရမှုပြဿနာ၊ မူးယစ်ဆေးဝါးပြဿနာ၊ နိုင်ငံရေးပြဿနာ၊ လူမှုရေးပြဿနာစတဲ့ ပြဿနာတွေကို ရင်ဆိုင်နေရလျက်ရှိတယ်ဆိုတာ တွေ့ရမှာဖြစ်ပါတယ်။ ဒီပြဿနာတွေဟာ ပညာရေးအပေါ်ဗဟိုပြုဆက်နွယ်ပတ်သက်နေတယ်လို့လည်း အနည်းနှင့်အများ ကောက်ချက်ဆွဲနိုင်ပါတယ်။ ဒါကြောင့် မြန်မာ့အနာဂတ်လူ့အဖွဲ့အစည်းအတွက် အရည်အသွေးရှိ၍ သာတူညီမျှသော ပညာရေးစနစ်ကို တည်ဆောက်ပေးဖို့လိုအပ်လျက်ရှိပါတယ်။ အတိတ်ကာလက မြန်မာနိုင်ငံမှာ အမျိုးသားအဆင့်ပညာရေးပြုပြင်ပြောင်းလဲမှု အကြိမ်ကြိမ်ဆောင်ရွက်ခဲ့တဲ့နေရာမှာလည်းပဲ ဗဟိုချုပ်ကိုင်မှုများပြီးတော့ ဆောင်ရွက်ခဲ့တာကို တွေ့ရပါတယ်။

ပြည်ထောင်စုမြန်မာနိုင်ငံဟာ တောင်ပေါ်၊ မြေပြန့်ပထဝီကွဲပြားမှုအရလည်းကောင်း၊ ယဉ်ကျေးမှု၊ စာပေ၊ ဘာသာစကား ကွဲပြားတဲ့လူမျိုးစုများ စုပေါင်းနေထိုင်တဲ့ နိုင်ငံဖြစ်တဲ့အတွက်ကြောင့် ၎င်းဒေသအလိုက် လွတ်လပ်စွာဖွံ့ဖြိုးခွင့်ရှိသည့် ပညာရေးစနစ်မျိုးကို အားပေးသင့်ကြောင်း အကြံပြုလိုပါတယ်။ နိုင်ငံတော်တည်ဆောက်ရေးအတွက် အကျိုးပြုမည့် ခေတ်မီပညာရေးစနစ်ကို ဖော်ဆောင်တဲ့နေရာမှာ တိုင်းရင်းသားလူမျိုးအသီးသီးတို့ရဲ့ ကြွယ်ဝသောယဉ်ကျေးမှုထုံးစံများရှိသည့်အားလျော်စွာ ပုံတူညီသည့်တန်ဖိုးများတွင် ဗဟိုအစိုးရမှ တာဝန်ယူဖော်ပြသလို ဒေသဆိုင်ရာတန်ဖိုးများကိုလည်း ထည့်သွင်းစဉ်းစားရန် လိုအပ်ပါတယ်။ သို့သော်လည်း ယနေ့ပညာရေးစနစ်တွင် တစ်နိုင်ငံလုံး လိုက်နာသင်ကြားရန် ပြဋ္ဌာန်းထားသော သင်ရိုးညွှန်းတမ်းများမှာ ဗဟိုအစိုးရရဲ့ လိုအပ်ချက်များသာ နေရာအများဆုံးယူထားပြီး တိုင်းရင်းသားလူမျိုးများ၏ လိုအပ်ချက်များအတွက် နေရာပေးထားခြင်း မရှိသေးပါဘူး။ အဲဒါကြောင့် ကော်မတီအနေနဲ့ လက်ရှိပညာရေးစနစ်၏ အားနည်းချက်များကို ဖော်ထုတ်သွားသင့်ပါတယ်။ ထို့အတူ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၂ အရပေးအပ်ထားသော အခွင့်အရေးများဖြစ်တဲ့ တိုင်းရင်းသားများ၏စကား၊ စာပေ၊ အနုပညာ၊ ယဉ်ကျေးမှုတို့ကို ဖွံ့ဖြိုးတိုးတက်စေရန် ကူညီဆောင်ရွက်နိုင်ရေးအတွက် ကော်မတီအနေနဲ့ စာသင်ကျောင်းများ

တွင် သက်ဆိုင်ရာ တိုင်းရင်းသားဘာသာစာပေ ကျယ်ကျယ်ပြန့်ပြန့် ထည့်သွင်းသင်ကြားနိုင်ရေး အတွက် အလေးပေးဆောင်ရွက်သင့်ကြောင်း အကြံပြုတင်ပြလိုပါတယ်။ ကော်မတီရဲ့တာဝန်ခြောက် ရပ်ထဲမှာပါတဲ့ ပြည်သူတို့၏ပညာရေးတိုးတက်စေရေးအတွက် ကူညီဆောင်ရွက်ပေးရမည်ဆိုတဲ့ အပိုင်းမှာလည်း အောက်ခြေအထိ ကွင်းဆင်းတဲ့အပိုင်းကို ပိုမိုအားစိုက်ဆောင်ရွက်သင့်ပါကြောင်း အကြံပြုလိုပါတယ်။ ဖွံ့ဖြိုးမှုအားနည်းတဲ့ဒေသတွေကို ပစ်မှတ်ထားပြီး ကျောင်းတွေရဲ့ အခြေခံ အဆောက်အဦပိုင်းဆိုင်ရာ ပြည့်စုံမှုရှိ/မရှိ စစ်ဆေးပေးနိုင်ဖို့လိုပါတယ်။ ဝန်ကြီးဌာနတွေရဲ့ ပေါင်းစပ် ညှိနှိုင်းပြီးဖြေရှင်းပေးဖို့ ဆောင်ရွက်သွားသင့်ပါတယ်။ ဆရာဆရာမ၊ ကျောင်းသား၊ မိဘတွေရဲ့အခက် အခဲများ ခံစားချက်များကိုလည်း အလေးထားဖော်ထုတ်ပေးသင့်ပါတယ်။ လုံလောက်တဲ့ကျောင်း အဆင့်တိုးမြှင့်ပေးနိုင်ရေး၊ ကျောင်းအဆောက်အဦပြည့်စုံရေး၊ ကျောင်းသားနှင့်ဆရာမအချိုး လိုက် လျောညီထွေဖြစ်စေရေး၊ ပညာရေးစစ်ဆေးတိုင်းတာမှုဆောင်ရွက်ရေး၊ ပညာရေးစီမံခန့်ခွဲမှုများ၏ တာဝန်ယူမှု၊ တာဝန်ခံမှုမြှင့်တင်ရေးစသည့်အပိုင်းတို့တွင်လည်း သက်ဆိုင်ရာဌာနများအကြား ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခြင်းကိုလည်းပဲ အလေးပေးဆောင်ရွက်သင့်ပါတယ်။ ကော်မတီဝင် တွေအနေနဲ့ လွှတ်တော်အတွင်းမေးမြန်းခဲ့တဲ့ ဒေသဖွံ့ဖြိုးရေးနဲ့ပတ်သက်တဲ့ မေးခွန်းအသေးစိတ်ကို ကော်မတီရဲ့ ဆောင်ရွက်ချက်အဖြစ် ဖော်ပြထားတာလည်း မသင့်လျော်ဘူးလို့ ထင်မြင်မိပါတယ်။ ဒါကြောင့်ကော်မတီရဲ့ နောင်လာမည့်နှစ်အစီရင်ခံစာတွေမှာ ပညာရေးမြှင့်တင်မည့်အပိုင်းနှင့် ပတ်သက်ပြီး ဒီထက်ပိုမိုကောင်းမွန်တဲ့ဆောင်ရွက်ချက်တွေကို ပြည့်ပြည့်စုံစုံ ဖော်ပြနိုင်တဲ့အစီရင်ခံစာ ဖြစ်ပါစေလို့ ဆုမွန်ကောင်းတောင်းရင်း ကျွန်တော်ရဲ့ဆွေးနွေးတင်ပြချက်ကို နိဂုံးချုပ်အပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

## ပြည်သူ့လွှတ်တော် ပညာရေးမြှင့်တင်မှုကော်မတီ၏အစီရင်ခံစာကို သဘောတူလက်ခံရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏အတည်ပြုချက်ရယူခြင်း

**ဒုတိယဥက္ကဋ္ဌ။** ။ အစီအစဉ် ၆ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပညာရေးမြှင့်တင်မှုကော်မတီ၏အစီရင်ခံစာကို လွှတ်တော်ကိုယ်စားလှယ်နှစ်ဦးက ဆွေးနွေးခဲ့ပြီးဖြစ်ပါ တယ်။ ယခုအစီရင်ခံစာနှင့်စပ်လျဉ်း၍ လွှတ်တော်ကသဘောတူလက်ခံရန်အဆိုတင်သွင်းခြင်းနှင့် အတည်ပြုချက်ရယူခြင်းများ ဆောင်ရွက်မှာဖြစ်ပါတယ်။ အဆိုတင်သွင်းရန် ပညာရေးမြှင့်တင်မှု ကော်မတီကို ဖိတ်ခေါ်ပါတယ်။

**ဦးဝင်းအောင်(အဖွဲ့ဝင်၊ ပညာရေးမြှင့်တင်မှုကော်မတီ)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့် ဝန်ကြီးနှင့် ဧည့်သည်တော်များအားလုံး ကာယစိတ္တနှစ်ဖြာသောသုခနှင့် ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းပို့သ၍ မင်္ဂလာပါလို့နှုတ်ခွန်းဆက်သအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ပြည်သူ့လွှတ်တော် ပညာရေးမြှင့်တင်မှုကော်မတီရဲ့အဖွဲ့ဝင် ဦးဝင်းအောင်ပဲ ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော် ပညာရေးမြှင့်တင်မှုကော်မတီ၏ ၁၉-၂-၂၀၁၆ ရက်နေ့မှ ၁၈-၂-၂၀၁၇ ရက်နေ့ထိ တစ်နှစ်တာလုပ်ငန်းဆောင်ရွက်ချက်အစီရင်ခံစာ(၁/၂၀၁၇)ကို ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေးရဲ့ (၁၄)ရက်မြောက်နေ့မှာ ဖတ်ကြားတင်သွင်းခဲ့ပြီးဖြစ်ပါတယ်။ အစီရင်ခံစာကို လွှတ်တော်ကိုယ်စားလှယ်နှစ်ဦးမှ အကြံပြုဆွေးနွေးခဲ့တဲ့အတွက်လည်း အထူးပဲကျေးဇူးတင်ရှိပါတယ်ခင်ဗျား။ ဒါ့ကြောင့်မို့လို့ ပညာရေးမြှင့်တင်မှုကော်မတီရဲ့အစီရင်ခံစာကို လွှတ်တော်ကြီးမှအတည်ပြုပေးနိုင်ပါရန် လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အဆိုကိုအတည်ပြုနိုင်ဖို့ လွှတ်တော်ရဲ့ သဘောထားရယူပါမယ်။ ပြည်သူ့လွှတ်တော် ပညာရေးမြှင့်တင်မှုကော်မတီ၏ အစီရင်ခံစာကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။

**ဒုတိယဥက္ကဋ္ဌ။** ။ လွှတ်တော်က သဘောတူတဲ့အတွက် ပညာရေးမြှင့်တင်မှုကော်မတီ၏ အစီရင်ခံစာကို လွှတ်တော်ကအတည်ပြုကြောင်းကြေညာပါတယ်။ (ဩဘာသံများ)

## ပြည်ထောင်စုတရားလွှတ်တော်ချုပ်က တင်သွင်းသော အထူးထိမ်းမြားခြင်းဆိုင်ရာအက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်ဖြင့်အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း

**ဒုတိယဥက္ကဋ္ဌ။** ။ အစီအစဉ် ၇ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က တင်သွင်းသော အထူးထိမ်းမြားခြင်းဆိုင်ရာအက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၁၄)ရက်မြောက်နေ့ (၁၄-၆-၂၀၁၇)ရက်နေ့တွင် ဥပဒေကြမ်းကော်မတီက အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းခြင်းပြုလုပ်ခဲ့ပါတယ်။ ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် မိမိပြင်ဆင်လိုသည့် အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာ၊

အချက်အလက်များကို တိကျစွာရေးသားဖော်ပြ၍ ၁၆-၆-၂၀၁၇ ရက်နေ့နောက်ဆုံးထားပြီး အမည်စာရင်းပေးသွင်းရန် တောင်းခံခဲ့ပြီးလည်းဖြစ်ပါတယ်။ ယနေ့အထိ ပြင်ဆင်ချက်အဆို တင်သွင်းလာတဲ့ ကိုယ်စားလှယ်တစ်ဦးမျှမရှိပါ။ ဒါ့ကြောင့် အထူးထိမ်းမြားခြင်းဆိုင်ရာအက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာတင်ပြချက်အတိုင်း ပြင်ဆင်ချက်ဖြင့် အတည်ပြုရန် လွှတ်တော်ကသဘောတူပါသလားခင်ဗျား။

သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။

**ဒုတိယဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် အထူးထိမ်းမြားခြင်းဆိုင်ရာအက် ဥပဒေကိုပြင်ဆင်သည့်ဥပဒေကြမ်းကို ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာတင်ပြချက်အတိုင်း ပြင်ဆင်ချက်ဖြင့်အတည်ပြုကြောင်းနှင့် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၁ အရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာ ဥပဒေကြမ်းကို လက်ခံရရှိကြောင်းနှင့် ပြင်ဆင်ချက်အဆိုတင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း လွှတ်တော်သို့အသိပေးတင်ပြခြင်း

**ဒုတိယဥက္ကဋ္ဌ**။ ။ အစီအစဉ် ၈ ဖြစ်ပါတယ်ခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်မှာ စတင်ဆွေးနွေး၍ ပြင်ဆင်ချက်ဖြင့်အတည်ပြုခဲ့ပြီး အမျိုးသားလွှတ်တော်သို့ပေးပို့ထားသော ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာဥပဒေကြမ်းကို ၁၆-၆-၂၀၁၇ ရက်နေ့မှာ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာပါတယ်။ ပြင်ဆင်ချက်မိတ္တူကိုလည်း ကိုယ်စားလှယ်များထံ ဖြန့်ဝေပြီးဖြစ်ပါတယ်။ ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအပေါ် ဆွေးနွေးရန်အဆိုတင်သွင်းလိုသူများအနေနဲ့ ပြင်ဆင်လိုသည့် ဥပဒေကြမ်း၏ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာကို တိတိကျကျဖော်ပြ၍ ၂၇-၆-၂၀၁၇ ရက်နေ့(အင်္ဂါနေ့) ညနေ ၄ နာရီ နောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းရန်ဖြစ်ကြောင်း အသိပေးကြေညာပါတယ်။

## ဒေါ်မိကွန်ချမ်း၊ ပေါင်မဲဆန္ဒနယ်ကတင်သွင်းသည့် နိုင်ငံတစ်ဝန်းလုံးရှိ ပြည်သူများ၏ အသက် အိုးအိမ်စည်းစိမ်များကို ထိခိုက်နစ်နာစေပြီး ပြည်သူအများ သဘောမတွေ့လက်မခံသော နှစ်ရှည်စီမံကိန်းများနှင့် ခေတ်အဆက်ဆက်အစိုးရမှ ခွင့်ပြုထားသည့်လုပ်ငန်းများကို ပြန်လည်စိစစ်ပေးရန် ပြည်ထောင်စုအစိုးရကို တိုက်တွန်းကြောင်းအဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း

**ဒုတိယဥက္ကဋ္ဌ**။ ။ အစီအစဉ် ၉ ဖြစ်ပါတယ်ခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဒေါ်မိကွန်ချမ်း၊ ပေါင်မဲဆန္ဒနယ်က ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်း အဝေး (၁၂)ရက်မြောက်နေ့ (၂၂-၂-၂၀၁၇ ရက်နေ့)တွင် တင်သွင်းသွားတဲ့ နိုင်ငံတစ်ဝန်းလုံးရှိ ပြည်သူ များ၏ အသက်အိုးအိမ်စည်းစိမ်များကို ထိခိုက်နစ်နာစေပြီး ပြည်သူအများ သဘောမတွေ့လက်မခံ သော နှစ်ရှည်စီမံကိန်းများနှင့် ခေတ်အဆက်ဆက်အစိုးရမှ ခွင့်ပြုထားသည့် လုပ်ငန်းများကို ပြန်လည် စိစစ်ပေးရန် ပြည်ထောင်စုအစိုးရကိုတိုက်တွန်းကြောင်းအဆိုကို ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော် ဆိုင်ရာနည်းဥပဒေ ၁၇၀ အရ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ယင်းအဆိုနှင့်စပ်လျဉ်းပြီး ဆွေးနွေးမယ့် ကိုယ်စားလှယ် ၁၃ ဦးရှိပါတယ်။ ပထမဦးစွာ ညောင်ရွှေမဲဆန္ဒနယ်မှ ဦးဝင်းမြင့်ဦး (ခ) ဦးနေမျိုးက ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးဝင်းမြင့်ဦး(ခ)ဦးနေမျိုး(ညောင်ရွှေမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့ လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့်အားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်၊ ညောင်ရွှေမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမြင့်ဦး (ခ) ဦးနေမျိုး ဖြစ်ပါတယ်။ လေးစားအပ်ပါသော ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ပေါင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်မိကွန်ချမ်းရဲ့အဆိုဟာ နိုင်ငံတော်နှင့်နိုင်ငံသားများအကျိုးအတွက် ရှေးရှု၍လည်းကောင်း၊ နိုင်ငံ အနှံ့တော်တော်များများမှာ အထူးသဖြင့် တိုင်းရင်းသားဒေသတွေမှာ ဖြစ်ပျက်ခဲ့၍လည်းကောင်း ကျယ်ပြန့်လွန်းတဲ့အတွက် ကျွန်တော်ဖြတ်သန်းတွေ့ကြုံခဲ့ရတဲ့ လက်တွေ့ဥပမာလေးလောက်နဲ့ပဲ ထောက်ခံဆွေးနွေးပါရစေ။

ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ အမျိုးသားစီမံကိန်းဥပဒေ အခန်း(၃) ပုဒ်မ ၆ မှာဆိုရင် ဘယ်အစိုးရ ပဲ ဘာပဲလုပ်ခဲ့လုပ်ခဲ့ နိုင်ငံတော်နှင့်နိုင်ငံသားများအကျိုးစီးပွားအတွက် အမှန်တကယ်ဖြစ်ထွန်းမယ့် စီမံကိန်းများအား ဆက်လက်အကောင်အထည်ဖော်စေပြီး အကျိုးမဖြစ်ထွန်းဘူးဆိုရင် ပြင်းပယ်ခြင်း၊ ဆိုင်းငံ့ခြင်း၊ လျှော့၍ခွင့်ပြုခြင်းများဆောင်ရွက်ရမယ်လို့ ပါရှိပါတယ်။ စီမံကိန်းများကို အစိုးရ၊

ပုဂ္ဂလိကနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အမျိုးမျိုးရှိပါတယ်။ နောင်မှာ ၎င်းရင်းနှီးမြှုပ်နှံမှုတွေကို ဂုဏ်သိက္ခာရှိရှိ၊ အာမခံချက်ရှိရှိ လာရောက်မြှုပ်နှံဖို့ ဖိတ်ခေါ်လမ်းဖွင့်ထားရမှာလည်း ရှိပါသေးတယ်။ အရင်က ဥပဒေရဲ့အားနည်းချက်ကြောင့် ထင်သလိုလုပ်သွားတာတွေလည်းရှိပါတယ်။ အခုဆိုရင် ကျွန်တော်တို့ ပြည်ထောင်စုလွှတ်တော်ကြီးက အတည်ပြုပြဋ္ဌာန်းခဲ့တဲ့ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေ ပုဒ်မ ၅၂ ဟာ ကျွန်တော်တို့လုပ်စေချင်တဲ့စီမံကိန်းများကို လုပ်ပိုင်ခွင့်ပေးပြီးတော့၊ မလုပ်စေချင်တဲ့ ဥပမာ-ကျောက်မီးသွေးတွင်းလိုမျိုး၊ သတ္တုတွင်းလိုမျိုးကို ကန့်ကွက်နိုင်တဲ့ ပုဒ်မ ၅၂ နဲ့ ကန့်ကွက်နိုင်ပါတယ်။ ပုဒ်မ ၅၂ ကတော့ အစိုးရအဖွဲ့သည် ဥပဒေနှင့်အညီဆောင်ရွက်သည့် ရင်းနှီးမြှုပ်နှံမှုများကို နိုင်ငံပိုင်ပြုလုပ်ခြင်းမပြုဟု အာမခံသည်။ အောက်ပါအခြေအနေများနှင့်အညီ ဆောင်ရွက်ခြင်းမှအပ ရင်းနှီးမြှုပ်နှံမှုကို သိမ်းယူခြင်းကိုဖြစ်စေ၊ သွယ်ဝိုက်သိမ်းယူခြင်းကိုဖြစ်စေရပ်ဆိုင်းစေခြင်းသဘော သက်ရောက်သောဆောင်ရွက်မှုများကိုဖြစ်စေ မပြုလုပ်ဟု အာမခံသည်။ ပုဒ်မခွဲ(က) နိုင်ငံတော်နှင့် နိုင်ငံသားများအကျိုးအတွက် အမှန်တကယ်လိုအပ်ခြင်း၊ ဒေသခံအလုပ်အကိုင်အခွင့်အလမ်းတွေ ပါပါတယ်။ ပုဒ်မခွဲ(ခ) ခွဲခြားမှုမရှိဘဲ ဆောင်ရွက်ခြင်း။ ကျွန်တော်တို့တည်ဆောက်မယ့် ဒီမိုကရေစီ ဖက်ဒရယ်နဲ့သက်ဆိုင်ပါတယ်။ ပုဒ်မခွဲ(ဂ) တည်ဆဲဥပဒေများနှင့်အညီ ဆောင်ရွက်ခြင်း၊ ပုဒ်မခွဲ(ဃ) သိမ်းယူသည့်ရင်းနှီးမြှုပ်နှံမှုများအား မျှတ၍ပြည့်စုံလုံလောက်သော လျော်ကြေးများကိုမြန်ဆန်စွာ ပေးစေခြင်းဆိုပြီးတော့ ဥပဒေနှင့်အညီ အာမခံချက်ပေးထားပါတယ်။ အစိုးရရဲ့ရင်းနှီးမြှုပ်နှံမှုအနေနဲ့ ကျွန်တော်တို့ရှမ်းပြည်နယ်တစ်ကြောမှာ လျှောက်ဖောက်ထားတဲ့ ရထားလမ်းတွေဟာဆိုရင် ပြည်သူတွေအတော်ဒုက္ခရောက်ပြီး အကျိုးလည်းမရှိခဲ့ပါဘူး။ ပြည်သူတွေရဲ့မြေပေါ်မှာ ပြည်သူတွေရဲ့ လုပ်အားနဲ့ဖောက်ကြရတာပါပဲ။ ရပ်ကွက်/ကျေးရွာအလိုက် လုပ်အားပေးကြရတာပါ။ ရွှေညောင်-တောင်ကြီးလမ်းဆိုရင် ဖွင့်ပြီးမကြာခင်မှာဘဲ ရပ်ဆိုင်းသွားပါတယ်။ ကျန်ရှိခဲ့တဲ့ ရထားလမ်းပိုင်းတွေဟာ အနှောင့်အယှက်ကြီးတစ်ခုလိုဖြစ်နေပြီး ကားတွေ၊ ဆိုင်ကယ်တွေ မကြာခဏ အန္တရာယ်ဖြစ်စေတဲ့နေရာတစ်ခုဖြစ်နေပါတယ်။

Power Point အသုံးပြုခွင့်ပြုပါခင်ဗျား။ ဒါကတော့ နမ့်စန်-မိုးနဲ-ကျိုင်းတုံလမ်းပိုင်းပါ။ ရထားလမ်းတစ်လျှောက်လုံးမှာ ချုံတွေ၊ မြက်တွေဖုံးနေပြီး စိုက်ပျိုးရေးနှင့်သွားလာရေးတွေမှာ အတော်ဒုက္ခပေးပါတယ်။ ဒါ ကျိုင်းတုံဘူတာဖြစ်ပြီးတော့ ဖွင့်ပွဲလုပ်ကျောက်တိုင်စိုက်ပြီး တစ်လအတွင်းမှာပဲ ပြေးဆွဲခြင်းမရှိတော့ပါဘူး။ တွဲဆိုင်းတွေလည်း ဒီတိုင်းထိုးထားပါတယ်။ ရထားဝန်ထမ်းတွေတော့ အခုထိရှိနေပြီး ယောင်ဝါးဝါးနဲ့ဘာလုပ်ရမှန်းမသိကြပါဘူး။ ဒါကတော့ မိုးနဲဘူတာရုံပါ။ ဒီလို ဘူတာရုံလေးတွေကို နိုင်ငံတော်ကအကုန်အကျခံဆောက်ထားတာအများကြီးပါ။ ရထားကတော့ တစ်ခါမှ

မလာပါဘူး။ အဲဒီရထားလမ်းတွေကို ဖျက်သိမ်းရင်လည်းဖျက်သိမ်း။ ဒါမှမဟုတ် နိုင်ငံတကာနဲ့ ပုဂ္ဂလိကလုပ်ငန်းရှင်တွေကို ပေးလုပ်သင့်ပါတယ်။ ဂျပန်နဲ့ပုဂ္ဂလိကလုပ်ငန်းရှင်တွေလုပ်ချင်လို့ အစိုးရထံတင်ပြတောင်းဆိုထားတာရှိပါတယ်။ နောက် ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုအနေနဲ့ ဥပမာပြရရင် ကျွန်တော်တို့အင်းလေးဒေသက ဟိုတယ်ဇုန်စီမံကိန်းကြီးပါ။ ဒီစီမံကိန်းကြီးဟာ အင်းလေးကန် ရေရှည်တည်တံ့ရေးကိုထိခိုက်နိုင်ပြီး စကတည်းကပြဿနာများခဲ့တဲ့နေရာကြီးပါ။ အခုထိ လျော်ကြေးမယူသေးတဲ့သူနှစ်ဦးရှိပြီး ယူထားတဲ့သူတွေကလည်း ကြောက်လို့ယူထား၊ ဆိုင်ရာပိုင်ရာတွေက တောထဲကဝါးတွေကို လက်ညှိုးထိုးပြပြီး သီးနှံလျော်ကြေးသုံးနှစ်စာဆိုပြီးယူသွားတဲ့သူတွေပဲရှိပါတယ်။ အဲဒီဟိုတယ်ဇုန်ကြီးဟာ အင်းလေးကန်ရဲ့အရှေ့ဘက်မှာကပ်လျက်တည်ရှိပြီး ၆၂၂ ဧက ကျယ်ပါတယ်။ အဝေးက ကြည့်ရင် အမာရွတ်ကြီးတစ်ခုလို သစ်ပင်တွေပြောင်သလင်းခါသွားတဲ့ ဒဏ်ရာရနေတဲ့နေရာကြီးနဲ့ တူပါတယ်။ ဒေသခံများလည်းနစ်နာ၊ ယခင်ရှမ်းပြည်နယ်အစိုးရထံမှ တစ်ဧက သိန်း ၈၀၀ နှုန်း၊ တချို့နေရာမှာ သိန်း ၅၀၀ နှုန်းနဲ့ဝယ်ထားတဲ့ ပြည်မကြီးက လုပ်ငန်းရှင်များတွေကလည်း ထပ်မံရှုံးမှာစိုးလို့ ဆက်လက်မမြှုပ်နှံရဲတဲ့နေရာကြီးပါ။ ရှမ်းပြည်နယ်အစိုးရက ယခုလိုလမ်းတွေခင်း၊ လျှပ်စစ်မီးတွေ ထိန်ညီးနေအောင်လုပ်ပေးခဲ့၊ ဂရန်တွေထုတ်ပေးခဲ့သော်လည်း အခုလိုဟိုတယ်နှစ်ခုသာ လာပြီးတည်ဆောက်ဆဲရှိတာပါ။ စီမံကိန်းတစ်ခုဟာ လေးနှစ်အတွင်းအကောင်အထည်မဖော်နိုင်ရင် နိုင်ငံတော်ရဲ့စီမံခန့်ခွဲပိုင်ခွင့်အောက်ရောက်သွားမှာပါပဲ။ အခုဆိုရင် ဒါလေးနှစ်ကျော်၊ ငါးနှစ်ကျော် ရှိပါပြီ။ နိုင်ငံတော်နဲ့ဒေသခံအကျိုးအတွက် ဘယ်လိုဆောင်ရွက်ကြမလဲဆိုတာ ပြည်သူ့အစိုးရနဲ့ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်တာဝန်လို့ခံယူရင်း အဆိုရှင် ဒေါ်မိကွန်ချမ်းရဲ့အဆိုကို ထောက်ခံဆွေးနွေးအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ**။ ။ သံဖြူဇရပ်မဲဆန္ဒနယ်မှ ဦးညာဏ်ဟိန်း ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးညာဏ်ဟိန်း(သံဖြူဇရပ်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါ။ ကျွန်တော်ကတော့ မွန်ပြည်နယ်၊ သံဖြူဇရပ်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးညာဏ်ဟိန်း ဖြစ်ပါတယ်။ ယခုအဆိုဟာ လေ့လာကြည့်တဲ့အခါမှာ ဒေသခံများ မနှစ်မြို့က်မှုနှင့် နိုင်ငံနှင့်ပြည်သူအတွက် အကျိုးမရှိထိခိုက်နစ်နာစေတဲ့စီမံကိန်းတွေ၊ လုပ်ငန်းတွေကို ပြန်လည်စိစစ်စေလိုတဲ့စေတနာရှိကြောင်း တွေ့ရှိရပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ဒေသခံများ မကျေနပ်ရတဲ့အကြောင်းအရင်းတွေကို လေ့လာကြည့်တဲ့အခါမှာ လေးချက်တွေ့ရှိရပါတယ်။ (၁)ကတော့ စီမံကိန်းအကောင်အထည်ဖော်ခဲ့စဉ်က မပွင့်လင်းခဲ့မှု၊ (၂) ဘေးထွက်

ဆိုးကျိုးများ ကုစားရာမှာ ထိရောက်စွာမကြီးကြပ်ပေးမှု၊ (၃) တစ်ဦးတစ်ဖွဲ့အကျိုးသာ ရည်စူးပြီးတော့ ဒေသ အတွက် အကျိုးမပြုမှု၊ (၄) မရိုးမသားလက္ခဏာများ ပါဝင်မှုဆိုပြီးတော့မှ ၄ ချက်ရှိပါတယ်။ (၁)၊ (၂)၊ (၃)အတွက်ကို ကျွန်တော် ဥပမာပြပြီးတော့မှ ဆွေးနွေးသွားမှာဖြစ်ပါတယ်။ ကြိုက်မရောမြို့နယ်၊ ပျားတောင်ဒေသမှာရှိတဲ့ ကျောက်မီးသွေးလောင်စာသုံး ဘိလပ်မြေစက်ရုံကိစ္စဖြစ်ပါတယ်။ မကြာသေး ခင်ရက်ပိုင်းမှာပဲ ပြည်နယ်လွှတ်တော်မှာ မေးခွန်းမေးပါတယ်။ ဝန်ကြီးကဘယ်လိုလာဖြေခဲ့လဲဆိုရင် အရင်းကျေပြီးတဲ့ နောက်မှာ အမြတ်ရဲ့ နှစ်ရာခိုင်နှုန်းကို ဒေသအကျိုးပြုဖို့အတွက် ဆောင်ရွက်ပေး မယ်လို့ဖြေပါတယ်။ ဒါကို မွန်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက အရင်းကျေကာလကို ဘယ်လောက် သတ်မှတ်ထားလဲလို့ မေးတဲ့အခါကျတော့ သက်ဆိုင်ရာဝန်ကြီးက မဖြေသွားနိုင်ပါဘူး။ MIC ကို စာနဲ့လှမ်းပြီးတော့မှ မေးပေးပါမယ်လို့ပဲ ဖြေသွားပါတယ်။ ဒါ ရှေ့ကလုပ်ခဲ့တဲ့ပွင့်လင်းမြင်သာမှုက ဝန်ကြီးတောင်မသိဘူးဆိုရင် ကျွန်တော်တို့ ပြည်သူလူထုဆိုရင်တော့ ဝေးရောပေါ့။

နောက်တစ်ခု ကျွန်တော် ထပ်ပြီးတော့ ဥပမာပေးတင်ပြချင် တာကတော့ ကျွန်တော့်မဲဆန္ဒနယ် မှာပါ။ ရော်ဘာခြံစိုက် တဲ့စီမံကိန်းရှိပါတယ်။ ယခင်က နှစ်ရှည်ကနေပြီး ကိုင်တွယ်ပြီးတော့ ၂၀၁၄ ခုနှစ်မှာ စက်မှုဝန်ကြီးဌာနကို လွှဲပါတယ်။ အဲဒီကာလက ဒီရော်ဘာခြံလုပ်ငန်းကြီးဟာ တစ်နှစ် ထုတ်လုပ်တဲ့ရော်ဘာအရေအတွက်က ပေါင်သုံးသိန်းခွဲထွက်ပါတယ်။ အဲဒီအချိန်တုန်းက ပေါင်သုံး သိန်းခွဲထွက်တာဟာ အစိုးရဝန်ကြီးဌာနက ရှုံးတယ်လို့ ပြောပါတယ်။ ကျွန်တော်တို့လည်း ဒီဘက် ခေတ်မှာ ဒီ MIC နဲ့စာချုပ်ပြီးတော့မှ ဆောင်ရွက်တဲ့အခါမှာတော့ တစ်နှစ်မှာ ရှစ်သောင်းခွဲပဲ ထုတ်လုပ် နိုင်တာ တွေ့ရှိရပါတယ်။ အဲဒီအခါကျတော့ အစိုးရက မြတ်တယ်လို့ပြောပါတယ်။ ဒုတိယဥက္ကဋ္ဌကြီး ခင်ဗျား။ သူတို့က စာချုပ်က အလွန်တရာခိုင်မာစေ့စပ်တယ်ဆိုတာလည်း တွေ့ရှိရပါတယ်။ ဒါကတော့ ကျွန်တော်ဒီဘက်ခေတ်ရောက်တဲ့အခါမှာ စာရေးပြီးတော့ ဝန်ကြီးဌာနက တောင်းတဲ့အတွက်ကြောင့် စည်းကမ်းချက် ၂၅ ချက်ပါတဲ့ စာချုပ်ပါအချက်တွေကို ပြန်ကြားလို့ ကျွန်တော်သိရတာဖြစ်ပါတယ်။ အဲဒီမှာ စာချုပ်မှာဘာရေးထားလဲဆိုရင် ကုန်ကျစရိတ်အဝဝ ဝန်ထမ်းစရိတ်ကအစ ကုမ္ပဏီကကျခံ ပေးရပြီးတော့ ထွက်ရှိတဲ့ မှိုင်းခံတဲ့ ရာဘာအစေ့ မှာ ၅၈ ရာခိုင်နှုန်းကို ဝန်ကြီးဌာနက အကျိုးအမြတ် ခံစားပြီးတော့ ၄၂ ရာခိုင်နှုန်းကို စိုက်ပျိုးသူက ရပါတယ်။ အဲဒီတော့ ဒါအရှုံးကိုပြပြီးတော့ ကုမ္ပဏီက ဘာဖြစ်လာလဲဆိုရင် လုပ်ငန်းအကောင်အထည်ဖော်မှုကို တစ်ဝက်လောက်ပဲ လုပ်နိုင်တာတွေ့ရပါ တယ်။ အဲဒီအပြင်ကို မြေဧက ၁၅၀ အခြားနည်းအသုံးပြုခွင့်ဝန်ကြီးဌာနကို တောင်းခံကြောင်း ကြားသိရပါတယ်။ သို့သော်လည်း စာချုပ်ကြီးက အလွန်တရာကောင်းပြီးတော့ စေ့စပ်တဲ့အတွက် ကြောင့် ပေးလို့မရပါဘူး။ ကျွန်တော်တို့မြေဒေသဟာ မြေတန်ဖိုးအလွန်ကြီးပါတယ်။ ပြီးတော့

မွန်ပြည်နယ်ရဲ့ရှေ့အနာဂတ် ဖွံ့ဖြိုးရေးအတွက်ကို ကျွန်တော်တို့ ဝန်ထမ်းအိမ်ရာတွေ၊ စက်မှုဇုန်တွေ ဆောက်ဖို့အတွက်လည်းပဲ ထိန်းသိမ်းထားရမယ့်မြေတွေဖြစ်ပါတယ်။

ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ မုဒုံမြို့နယ်ဘက်မှာတော့ အဲဒီခြံထဲမှာ အိမ်ကွက်တွေရိုက်နေတယ်လို့ မနေ့တစ်နေ့ကနေ ကျွန်တော့်ကို ဖုန်းဆက်ပြီးတော့ အကြောင်းကြားထားတာတွေရှိပါတယ်။ အဲဒါကို လည်းပြန်လည်စိစစ်သင့်ပါတယ်။ ကျွန်တော်ဟာ ဧက ၂၀ ကို ကိုယ်တိုင်စိုက်နေတဲ့ ရော်ဘာခြံစိုက် တောင်သူတစ်ဦးဖြစ်ပါတယ်။ ကျွန်တော်တို့ဒေသခံတွေဟာ ဒီစီမံကိန်းကြီးကို အကောင်အထည်ဖော် မယ်ကြားတဲ့အချိန်မှာ စိတ်ကူးယဉ်အိပ်မက်တွေမက်ခဲ့တာရှိပါတယ်။ ငါတို့ကိုများ ချပေးခဲ့မယ်ဆိုရင် တစ်နိုင်တစ်ပိုင် ငါတို့လည်းဝင်စိုက်ကြမယ်လို့ မျှော်လင့်ခဲ့ဖူးပါတယ်။ အဲဒီတော့ ကျွန်တော်အကြံတစ် ခုပြုချင်ပါတယ်။ အနုတ်လက္ခဏာဆောင်နေတဲ့ ဒီစီမံကိန်းကြီးကို အပေါင်းလက္ခဏာဆောင်ဖို့အတွက် ကျွန်တော်အကြံကောင်းတစ်ခုပေးချင်ပါတယ်။ အဲဒါကတော့ ဘာလဲဆိုရင် ကျွန်တော်တို့ဒေသခံတွေရဲ့ အိပ်မက်လည်း အကောင်အထည်ဖော်မယ်။ အစိုးရဝန်ကြီးဌာနကလည်းပဲ မြတ်မယ်၊ အကျိုးရှိမြဲရှိသွား မယ်။ ကုမ္ပဏီအတွက် ဝန်ထုပ်ဝန်ပိုးလည်းလျှော့သွားမယ့်နည်းလမ်းဖြစ်ပါတယ်။ အဲဒါကတော့ အခု ကုမ္ပဏီအနေနဲ့ မစိုက်နိုင်တော့ဘူး အခက်အခဲတွေ့နေတယ်။ ပြန်စိုက်ရန်မြေ ၂၃၉ ဧကရယ်။ နောက် အရည်မထွက်တော့ဘူး ကျောက်ခဲလောက်ဖြစ်နေတဲ့အပင်တွေ ရှိတဲ့ဧရိယာတွေကို ဝန်ကြီးဌာနကို ပြန်အပ်လိုက်ပါ။ အကုန်မခံပါနဲ့တော့။ အဲဒီမှာမှ ပြန်အပ်တဲ့ဧကတွေထဲက ၁၀ ဧက သို့မဟုတ် ဧက ၂၀ လက်လီ ဒေသခံတောင်သူတွေနဲ့စာချုပ်ရင် ကျွန်တော်တို့ စိုက်နိုင်ပါတယ်။ ခုနကပြောလိုက်တဲ့ မူလကစိုက်ပျိုးဖို့စပေါ်တင်တဲ့ နှစ်သိန်းထက်ကို ကျွန်တော်က ငါးသိန်းတောင်ပေးလိုက်ပါအုံးမယ်။

ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့အချိန်ငဲ့ညှာသောအားဖြင့်တော့ နိဂုံးချုပ်လို့ရပါပြီ။ သို့သော်လည်းပဲ တကယ်မို့လို့များ ပေါင်သုံးသိန်းခွဲထွက်တုန်းကရှုံးပြီးတော့ ရှစ်သောင်းခွဲထွက်တဲ့ အချိန်မှာ လာမြတ်တဲ့အကြောင်းအရင်းကိုသိချင်ရင်တော့ အားလုံးကို ဖိတ်ခေါ်ပါတယ်။ အပြင်မှာ ကျွန်တော့်ကို ကြိုက်တဲ့အချိန်လာမေးပါ။ ကျွန်တော်အချိန်ယူပြီးတော့မှ စေ့စေ့စပ်စပ်ရှင်းပြပေးပါမယ်။ ကျွန်တော့် အတွက်အချိန် သုံးမိနစ်လောက်လိုပါတယ်။ ဒါကြောင့် ဒေါ်မိကွန်ချမ်းရဲ့ အကျိုးမရှိတဲ့ စီမံကိန်းတွေကို စိစစ်ပြီးတော့ အကျိုးရှိအောင်လုပ်မယ်ဆိုတဲ့ရည်ရွယ်ချက်နဲ့တင်ပြတဲ့အဆိုကို အတည် ပြုသင့်ကြောင်း တင်ပြရင်းနဲ့ အားလုံးကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာကြပါစေ။ နိဂုံးချုပ်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ ပြင်ဦးလွင်မဲဆန္ဒနယ်မှ ဒေါက်တာအောင်ခင် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါက်တာအောင်ခင်(ပြင်ဦးလွင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါ။ ကျွန်တော်ကတော့ ပြင်ဦးလွင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါက်တာအောင်ခင် ဖြစ်ပါတယ်။ ပြည်သူများရဲ့အသက်အိုးအိမ်စည်းစိမ်ကို ထိခိုက် နစ်နာနေလို့ နှစ်ရှည်စီမံကိန်းတွေကို ပြန်လည်စိစစ်ဖို့ ဒေါ်မိကွန်ချမ်း၊ ပေါင်မဲဆန္ဒနယ်ရဲ့အဆိုကို ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ စီးပွားရေးဖွံ့ဖြိုးဖို့ရာအတွက်ကတော့ ရင်းနှီး မြှုပ်နှံမှုစီမံကိန်းတွေလိုတယ်ဆိုတာ လက်ခံပါတယ်။ ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၁၈ ရက်နေ့က ပြည်ထောင်စုလွှတ်တော်မှာ အတည်ပြုပြဋ္ဌာန်းခဲ့တဲ့ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေအမှတ်(၄၀)မှာ တော့ နိုင်ငံတော်နှင့် နိုင်ငံသားတို့၏အကျိုးစီးပွားအလို့ငှာ သဘာဝပတ်ဝန်းကျင်၊ လူမှုပတ်ဝန်းကျင်တို့ ကို ထိခိုက်မှုမရှိစေသည့် တာဝန်ယူမှုရှိသော ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို ဖွံ့ဖြိုးတိုးတက်စေရန်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ပြဋ္ဌာန်းပေးခဲ့တာဖြစ်ပါတယ်။ အခုအဆိုရှင်တင်ပြသွားတာကလည်း နှစ်ရှည်စီမံကိန်း တွေဟာ ရင်းနှီးမြှုပ်နှံလုပ်ကိုင်နေပြီးတော့ ပြည်သူလူထုရဲ့အသက်အိုးအိမ်စည်းစိမ်ကို ထိခိုက်နစ်နာ နေတယ်လို့ဆိုတဲ့အတွက် ပြန်လည်စိစစ်ဖို့ ပြောကြားပါတယ်။ တင်ပြထားပါတယ်။ ဒါတွေကလည်း ကျွန်တော်တို့က Environmental Impact, Social Impact, Health Impact ဒါတွေဟာ Assessment လုပ်ဖို့လိုပါတယ်။ ပြည်ထောင်စုလွှတ်တော်ရဲ့ဥပဒေပုဒ်မ ၄၁ မှာလည်း တားမြစ်ထားတဲ့ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတွေရှိပါတယ်။ ဒါတွေက နိုင်ငံတော်အတွင်းသို့ ဘေးအန္တရာယ်ရှိသောပစ္စည်း တွေ၊ ပြည်သူတွေပေါ်မှာအန္တရာယ်ဖြစ်စေနိုင်တဲ့ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတွေ၊ သဘာဝပတ်ဝန်းကျင်နဲ့ ဂေဟစနစ်ကို ထိခိုက်ပျက်စီးစေတဲ့ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတွေကို ပြည်သူတွေအတွက် ကျန်းမာရေး၊ လူမှုရေးပတ်ဝန်းကျင်တွေကို ထိခိုက်စေရေးမရှိစေဖို့ ထည့်သွင်းပြဋ္ဌာန်းထားခြင်း ဖြစ်ပါတယ်။ ဥပမာဆိုလို့ရှိရင် သဘာဝသယံဇာတထုတ်ဖော်တဲ့ သတ္တုတူးဖော်ရေးလုပ်ငန်းတွေ၊ ကျောက်မိုင်း တူးဖော်တဲ့လုပ်ငန်းတွေ၊ ကျောက်မီးသွေးတူးဖော်တဲ့လုပ်ငန်းတွေ ဒါတွေဟာ ကျွန်တော်တို့ ခုနက ပြောတဲ့ EIA, SIA, HIA စဉ်းစားတဲ့အပြင် ကျွန်တော်တို့က နိုင်ငံရေးဘောဂဗေဒဆိုင်ရာအခြေခံအချက် အလက်တွေကိုလည်း ထည့်သွင်းစဉ်းစားဖို့ရာလိုအပ်ကြောင်း အစိုးရက ထုတ်ပြန်ကြေညာထားပြီး ဖြစ်ပါတယ်။ မြန်မာနိုင်ငံတော်အစိုးရအနေနဲ့ သစ်တောတွေကိုလည်း ပြုန်းတီးမှုမရှိဖို့ရာအတွက် ၂၀၁၄ ခုနှစ် ဧပြီလမှာ ကျွန်းသစ်နှင့်သစ်မာအလုံးလိုက်တင်ပို့မှုတွေကို တင်းကြပ်စွာထိရောက် တားဆီးခဲ့ပါတယ်။ ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလထဲကလည်း သတင်းတစ်ပုဒ်ဖတ်လိုက်ရပါတယ်။ ကလေးဝမြို့နယ်၊ မာန်ပါလေးကျေးရွာအနီးမှာ ကုမ္ပဏီတစ်ခုက ကျောက်မီးသွေးကိုစမ်းသပ်ခွင့်

ယူထားခဲ့တယ်။ ကျောက်မီးသွေးကို တူးဖော်နေတာတွေ့တဲ့အတွက် စစ်ကိုင်း တိုင်းဒေသကြီးအစိုးရက သွားရောက်စစ်ဆေးတဲ့အခါမှာ တူးတဲ့နေရာကလည်း တော်တော်ဆိုးဆိုး ရွှားရွှားတူးထားတယ်။ လမ်းဖောက်တဲ့နေရာတွေမှာလည်း သစ်တောကြီးတွေပျက်စီး၊ ရေစီးရေလာတွေ ပိတ်၊ ကျောက်မီးသွေးတွေမြစ်ထဲကျ၊ ချောင်းထဲကျ အဲဒီတော့ ပျက်စီးမှုများတဲ့အတွက် နိုင်ငံတော် အကျိုးထက် ဆိုးကျိုးတွေပဲဖြစ်နေတာ တွေ့ရပါတယ်။

ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ကျန်းမာရေးနဲ့ ဒီလောက်ဆိုးကျိုးတွေဖြစ်နေတာသည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ဘယ်လိုပြောထားလဲဆိုရင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့အချက်အလက်အရ အာဆီယံမြို့တော် ၁၀ ခုမှာ အမှုန်အမွှားပျံ့နှံ့မှုအမြင့်ဆုံး မြန်မာနိုင်ငံကို တွေ့ရှိရသဖြင့် အရှေ့တောင်အာရှအတွင်း မြန်မာနိုင်ငံသည် လေထုညစ်ညမ်းမှုအမြင့်ဆုံးဖြစ်တယ်လို့ ပြောပါတယ်။ လေထုညစ်ညမ်းမှုမြင့်မားခြင်းသည် ပြည်သူ့ကျန်းမာရေးအတွက် ဆိုးရွားပြင်းထန်တဲ့အကျိုးဆက်တွေဖြစ်ပေါ်စေပြီး Global Burden the Disease စီမံကိန်းခန့်မှန်းချက်အရ မြန်မာနိုင်ငံ၏ ၂၀၁၅ ခုနှစ်တွင် ပတ်ဝန်းကျင်လေထုညစ်ညမ်းမှုကြောင့် ဖြစ်ရသည့် အဆုတ်ကင်ဆာရောဂါ၊ လေဖြတ်ရောဂါ၊ နှလုံးရောဂါတွေဟာ အချိန်မတိုင်မီ သေဆုံးရတဲ့ဦးရေဟာ နေ့စဉ် ၄၅ ဦးခန့် ရှိတယ်လို့ ခန့်မှန်းထားပါတယ်။ အဲဒီတော့ ဒီလိုလေထုညစ်နွမ်းမှုတွေတိုးနေမယ်ဆိုရင် အိန္ဒိယ၊ တရုတ်နိုင်ငံတွေ ခွင့်ပြုထားတဲ့ လေထုညစ်ညမ်းမှုပမာဏထက် ၁၀ ဆခန့် မြင့်တက်လာမှာဖြစ်ပါတယ်။ လေထုညစ်ညမ်းမှုကြာလာတာနှင့်အမျှ ကမ္ဘာကြီးကပူနွေးလာမယ်။ အိုဇုန်းလွှာလည်း ပျက်စီးသွားမယ်။ ရေကြီးမယ်။ မြေပြိုမယ်။ ရာသီဥတုဖောက်ပြန်မယ်။ ဥပမာ - ကျန်းမာရေးထိခိုက်မယ်။ တရုတ်နိုင်ငံဟာဆိုလို့ရှိရင် အခုလေသန့်ဝယ်ယူသုံးစွဲနေရတဲ့အခြေအနေတောင်ရှိပါတယ်။ ဖန်လုံဓာတ်ငွေ့တွေ၊ ထုတ်လွှတ်မှုတွေများလာမယ်။ အဲဒီတော့ ဒီလိုကျန်းမာရေးတွေသာ ဆိုးရွားလာမယ်။ မျက်မှောက်ခေတ်မှာ ကြုံတွေ့နေရပြီဖြစ်ပါတယ်။ ကမ္ဘာကြီးက ဒီတိုင်းတိုင်းသွားမယ်ဆိုလို့ရှိရင် နှစ်ဒီဂရီစင်တီဂရိတ်တက်လာမယ်။ တက်လာရင်တော့ ရာသီဥတုက အလွန်ဖောက်ပြန်ဆိုးရွားသွားမယ်ဆိုတာ၊ ရင်ဆိုင်ရမယ်ဆိုတာ၊ ပြောထားပါတယ်။ ၂၁၀၀ ခုနှစ်မှာဆိုရင် ဒီတိုင်းသွားမယ်ဆိုရင် ခြောက်ဒီဂရီစင်တီဂရိတ်ထိ တက်လာမယ်ဆိုတာ ပြောထားပါတယ်။ ဒါကြောင့်မို့လို့ ရင်းနှီးမြှုပ်နှံသူတွေကို မြေအသုံးပြုခွင့် ပြုရမှာလည်း ကနဦးတုန်းက အနှစ် ၅၀၊ သက်တမ်းကုန်ဆုံးပြီးတော့လည်း နောက်ထပ်တစ်ဆက်တည်း ၁၀ နှစ်သက်တမ်း (၂)ကြိမ်၊ ဒါတွေကလည်း မြေအသုံးချခွင့်ပြုတဲ့နေရာမှာ ပြည်သူတွေအတွက် တကယ်ရောအကျိုးရှိရဲ့လား။ ဒါတွေလည်း စဉ်းစားဖို့လိုပါတယ်။ ဒါတွေမစဉ်းစားဘဲနဲ့ ကျွန်တော်တို့က နှစ်ရှည်၊ နှစ်ရှည်ကနေ မှထပ်ပြီးတော့ ပြင်နေမယ်ဆိုရင် ကျွန်တော်တို့ အဆိုရှင်ပြောသလိုပဲ ပြည်သူတွေရဲ့

အသက်အိုးအိမ်စည်းစိမ်လည်း ထိခိုက်တယ်။ ပြည်သူတွေကိုလည်း ပွင့်လင်းမြင်သာမှုမရှိဘူး။ ပြည်သူတွေက သဘောတွေ့မှာမဟုတ်ဘူး။ ဒါဟာဆိုလို့ရှိရင် ကျွန်တော်တို့ ပြန်စဉ်းစားသင့်တယ်။ စိစစ်ပေးပါဆိုတဲ့အဆိုကို ထောက်ခံရင်းနဲ့ ကျွန်တော် နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ကျောက်တန်းမဲဆန္ဒနယ်မှ ဒေါ်အေးမြမြမျိုး ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဒေါ်အေးမြမြမျိုး(ကျောက်တန်းမဲဆန္ဒနယ်)**။ ။ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် အားလုံးပဲမင်္ဂလာပါရှင်။ ကျွန်မကတော့ ပေါင်မဲဆန္ဒနယ်က ဒေါ်မိကွန်ချမ်း တင်သွင်းသွားတဲ့အဆိုကို ထောက်ခံဆွေးနွေးသွားမယ့် ကျောက်တန်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်အေးမြမြမျိုး ဖြစ်ပါတယ်။ အဆိုရှင်ရဲ့အဆိုကို ခွဲခြားကြည့်တဲ့အခါမှာ အသက်အိုးအိမ်စည်းစိမ်များကို ထိခိုက်နစ်နာစေပြီး ပြည်သူအများသဘောမတွေ့၊ လက်မခံသော နှစ်ရှည်စီမံကိန်းဆိုတော့ ကျွန်မက ပိုင်းပြီးတော့မှ လေ့လာလိုက်တဲ့အခါမှာ အသက်အိုးအိမ်စည်းစိမ်နှင့် ပြည်သူသဘောမတွေ့သော၊ နိုင်ငံတော်နှင့် နိုင်ငံသားတို့ရဲ့အကျိုးကျေးဇူးရှိ/မရှိ ဆုံးဖြတ်ဖို့ဆိုတဲ့အပိုင်းတွေကို ကျွန်မက ခွဲပြီးတော့ လေ့လာသွားချင်ပါတယ်။ အသက်ဆိုပြီးတော့ စဉ်းစားလိုက်တဲ့အခါမှာဘယ်လိုစီမံကိန်းတွေက ကျွန်မတို့ပြည်သူရဲ့အသက်ကို ခြိမ်းခြောက်နေတာလဲ။ မြန်မာနိုင်ငံအထက်ပိုင်းမှာ လုပ်မယ့်စီမံကိန်းက ကျွန်မတို့နိုင်ငံသားတွေကို ထိခိုက်ပါသလား။ မြန်မာနိုင်ငံအလယ်ပိုင်းက တောတွေပျောက်၊ တောင်တွေပျောက်သွားတဲ့ စီမံကိန်းတွေကြောင့် ရေကြီးရေလျှံ၊ မုန်တိုင်းထန်ပြီး မြန်မာနိုင်ငံအောက်ပိုင်းက ပြည်သူတွေကို ထိခိုက်နေပါသေးသလား။ ကျွန်မတို့ပြည်သူတွေရဲ့တန်ဖိုးရှိလှတဲ့အသက်တွေ ဆုံးရှုံးရတာက စီမံကိန်းတွေရဲ့ ပယောဂကင်းပါရဲ့လား။ ကျွန်မတို့ပြန်လည်သုံးသပ်သင့်ပါပြီ။ အိုးအိမ် စဉ်းစားတဲ့အခါမှာ ပြည်သူတို့ရဲ့အိုးအိမ်လိုအပ်ချက်ကို စီမံဖန်တီးပေးရမယ့် ဝန်ကြီးဌာနဖြစ်တဲ့ အိုးအိမ်စီမံကိန်းက ကျွန်မတို့ပြည်သူလိုအပ်တဲ့ အိုးအိမ် ဘယ်ရွေ့ဘယ်မျှ ဘယ်လိုပုံစံနဲ့ ဖန်တီးပေးထားတယ်ဆိုတာကို ကျွန်မတို့ ရှင်းရှင်းလင်းလင်းမသိရပေမယ့် အဲဒီဌာနကပဲ သိမ်းလို့ အိုးပျောက်အိမ်ပျောက် အလုပ်လက်မဲ့ဖြစ်သွားရတဲ့သာဓကတွေတော့ အများကြီးပဲရှိနေပါတယ်။ စည်းစိမ်ဆိုတဲ့အပိုင်းကို စဉ်းစားလိုက်လို့ရှိရင်တော့ ရင်အနာရဆုံးပါ။ စီမံကိန်းဆိုတဲ့ခေါင်းစဉ်အောက်မှာ မြေသိမ်းခံရတဲ့ ကျွန်မတို့တောင်သူတွေရဲ့စည်းစိမ်ဆိုတာ တိုက်ကြီး၊ ကားကြီး မဟုတ်ရပါဘူး။ ကုမ္ပဏီကြီးတွေမဟုတ်ရပါဘူး။ မိသားစုဝမ်းစာအတွက် အကြွေးဆပ်ပြီးချန်ထားရတဲ့ဝမ်းစာစပါးပါ။ မိုးတွင်းအမီခေါင်မိုးပေးရမယ့် သက်ကယ်ဝယ်ဖို့စရိတ်ပါ။ ငါတို့လို ဆင်းရဲတွင်းမနက်စေရဘူးဆိုပြီးတော့မှ သားသမီးတွေကို ပညာသင်ပေးဖို့ ခြိုးခြံချွေတာတဲ့ပညာသင်စရိတ်မျှသာ ဖြစ်ပါတယ်။ အဲဒီလိုမျိုး

ကျွန်မတို့ပြည်သူတွေရဲ့အသက်အိုးအိမ်စည်းစိမ်တွေကို ရင်းနှီးပေးဆပ်ပြီးမှ မစားရဝကမန်း ပြောခဲ့တဲ့ စီမံကိန်းကြီးတွေ ဘယ်လောက်အောင်မြင်နေပါပြီလဲ။ ကျွန်မတို့နိုင်ငံသူနိုင်ငံသားတွေရဲ့အကျိုး ဘယ်လောက်ရှိနေပါပြီလဲ။ ကျွန်မတို့ပြည်သူရွေးချယ်ထားတဲ့ ဒီမိုကရေစီဖော်ဆောင်မယ့်အစိုးရရဲ့ တာဝန်ဖြစ်ပါတယ်။ ပြန်လည်သုံးသပ်ကြရတော့မှာဖြစ်ပါတယ်။

ကျွန်မတို့နိုင်ငံမှာ ဒီလိုစီမံကိန်းတွေ အများကြီးရှိတဲ့အနက်က အချိန်အကန့်အသတ်ကြောင့် စီမံကိန်းတစ်ခုအကြောင်းကိုပဲ ဆွေးနွေးပါမယ်။ ကျွန်မကို Power Point အသုံးပြုပြီး တင်ပြခွင့်ပြု ပါရှင်။ ဒါကတော့ ကျွန်မတို့ကျောက်တန်းမဲဆန္ဒနယ်မှာ ရှိနေတဲ့ သီလဝါပြည်တွင်းစက်မှုဇုန်စီမံကိန်းပါ။ ဒီစီမံကိန်းကို အကွက်ပေါင်း ၁၈၁ ကွက် ဖော်ဆောင်ခဲ့ပါတယ်။ ၂၀၁၀ ခုနှစ်ကတည်းကနေပြီးတော့မှ စတင်အကောင်အထည်ဖော်နေတာ ဖြစ်ပါတယ်။ ဒီဟာကတော့ အကွက်ပေါင်း ၁၈၁ ကွက်ဖော်ဆောင် ထားပြီးတော့ မြေကွက် ၂၀ ကျော်သာ လုပ်ငန်းလုပ်နေတာကို လေ့လာခဲ့ရပါတယ်။ မြေကွက် ၃၀ ခန့်ကတော့ လယ်မြေလိုမျိုး မြေကွက်လပ်ဖြစ်နေပါသေးတယ်။ ကျန်တဲ့မြေတွေကလည်း ခြံစည်းရိုး ခတ်ထားရုံမျှသာဖြစ်ပါတယ်။ ကျွန်မတို့ရဲ့ဒေသခံ ပြည်သူလူထုက ဘိုးစဉ်ဘောင်ဆက်လုပ်ကိုင် စားသောက်ခဲ့ရတဲ့လယ်ယာမြေတွေကို စွန့်လွှတ်ပြီးမှ ဒီလိုစီမံကိန်းမျိုးကို ဖန်တီးထားတာပါ။ ဒါက ၂၁-၆-၂၀၁၇ ရက်နေ့ လွန်ခဲ့တဲ့နှစ်ရက်က မှ တွေ့ရတဲ့ပုံဖြစ်ပါတယ်။ အဲဒီလိုမျိုး ကျွန်မတို့ရဲ့ပြည်သူတွေရဲ့ လယ်ယာတွေကို သိမ်းယူပြီးတော့မှ လုပ်ခဲ့တဲ့စီမံကိန်းတွေက ကျွန်မတို့နိုင်ငံကို ဘယ်လောက်အကျိုး ပြုနေပါပြီလဲ။ နိုင်ငံသူနိုင်ငံသားတွေ ဘယ်လောက်အကျိုးဖြစ်ပါပြီလဲ။ ကျွန်မတို့နိုင်ငံမှာ ကုန်ထုတ် တွေ ဘယ်လောက်တိုးတက်လာပါပြီလဲ။ အလုပ်အကိုင်အခွင့်အလမ်းတွေ ဘယ်လောက်ဖန်တီးပေးနိုင် ပါပြီလဲ။ ၁၇ နှစ်ကျော်ကြာ ဖန်တီးပြီး၊ ၁၇ နှစ်ကျော်ကြာအောင် အကောင်အထည်ဖော်ခဲ့တဲ့စီမံကိန်းကို ဒီပုံစံအတိုင်းပဲ ကျွန်မတို့ တွေ့နေရပါသေးတယ်။ အခြားနည်းလမ်းအသုံးပြုခွင့်ရပြီး ခွင့်ပြုသည့်ရက်မှ ခြောက်လအတွင်း သတ်မှတ်သောနည်းလမ်းများနှင့် စတင်အသုံးပြုခြင်းမရှိ၍ဖြစ်စေ၊ သတ်မှတ် ကာလအတွင်းလုပ်ငန်းပြီးစီးမှုမရှိ၍ဖြစ်စေ လယ်ယာမြေအား ပြန်လည်သိမ်းယူခံရမည်။ အမှန် တကယ်လိုအပ်သောအနည်းဆုံးပမာဏကိုသာ သိမ်းယူရမည်ဆိုပြီးတော့မှ သတ်မှတ်ထားပေမယ့် လည်းပဲ ကျွန်မတို့ ဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်တွေနဲ့တော့ လွဲချော်နေတာတွေမျိုးတွေ အများကြီးရှိနေပါသေးတယ်။ ဒါကြောင့်မို့လို့ ပေါင်မဲဆန္ဒနယ်က ဒေါ်မိကွန်ချမ်း တင်သွင်းသွားတဲ့ နိုင်ငံတစ်ဝန်းလုံးမှာရှိတဲ့ ပြည်သူများရဲ့အသက်အိုးအိမ်စည်းစိမ်များကို ထိခိုက်နစ်နာစေပြီး ပြည်သူအများသဘောမတွေ့၊ လက်မခံသော၊ နိုင်ငံတော်နှင့်နိုင်ငံသားတို့ရဲ့အကျိုးဖြစ်ထွန်းမှုမရှိသော

စီမံကိန်းတွေကို ပြန်လည်စိစစ်ဖို့ကတော့ လက်ရှိအချိန်က အကောင်ဆုံးအချိန်ဖြစ်တဲ့အတွက်ကြောင့် မို့လို့ ဒီအဆိုကို ထောက်ခံဆွေးနွေးလိုက်ရပါတယ်ရှင်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ။** ။ ဘုတ်ပြင်းမဲဆန္ဒနယ်မှ ဦးနေလင်းထွန်း ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးနေလင်းထွန်း(ဘုတ်ပြင်းမဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုအဆင့်ဝင်ပုဂ္ဂိုလ်များ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များ မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ဦးစွာဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါ တယ်။ ကျွန်တော်ကတော့ တနင်္သာရီတိုင်းဒေသကြီး၊ ဘုတ်ပြင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးနေလင်းထွန်း ဖြစ်ပါတယ်။ ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ၂၂-၂-၂၀၁၇ ရက်နေ့ ဒုတိယ အကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့မှာ ဒေါ်မိကွန်ချမ်း၊ ပေါင် မဲဆန္ဒနယ်ကတင်သွင်းတဲ့အဆိုကို ကျွန်တော်တို့ တနင်္သာရီတိုင်းဒေသကြီးက ဆီအုန်းစိုက်ပျိုးရေး စီမံကိန်းများကြောင့် သဘာဝပတ်ဝန်းကျင်များ ထိခိုက်ပျက်စီးပြီး ဒေသခံပြည်သူများ နစ်နာနေရမှုနှင့် သက်သေပြုပြီးတော့ ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။

ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ တနင်္သာရီတိုင်းဒေသကြီးအတွင်းမှာ ဆီအုန်းစိုက်ပျိုးရန်အတွက် မြေဧက ၁.၈ သန်းခန့်ကို ခွင့်ပြုထားတယ်လို့ သိရပါတယ်။ မြေဧက ၁.၈ သန်းခွင့်ပြုထားသော်လည်းပဲ ၂၀၁၆ ခုနှစ်အကုန်အထိ မြေဧက ၅၃၅၀၀၀ သာစိုက်ပျိုးထားပြီး ခွင့်ပြုဧရိယာရဲ့ ၂၉ ရာခိုင်နှုန်းသာ ရှိပါတယ်။ ဒီအမှန်စိုက်ပျိုးဧရိယာနည်းပါးနေရတာလည်းပဲ အချို့ဆီအုန်းကုမ္ပဏီတွေဟာ ဆီအုန်း စိုက်ပျိုးရေးထက် သစ်ထုတ်လုပ်ရေးကရရှိမယ့်အကျိုးအမြတ်ကို အဓိကမျှော်လင့်လုပ်ကိုင်ခဲ့လို့ ဖြစ်ပါတယ်။ ဆီအုန်းစိုက်ပျိုးရန်အကြောင်းပြပြီးတော့ သစ်တောကြီးများကို အပြောင်ရှင်း၊ သစ်ထုတ် လုပ်ပြီးတော့ အကျိုးအမြတ်တွေကို လွယ်လွယ်ကူကူနဲ့ရယူလျက်ရှိပါတယ်။ ဒီဆီအုန်းစီမံကိန်းတွေကို ခွင့်ပြုခဲ့ခြင်းဟာ အပင်နှင့် ဇီဝမျိုးစိတ်များ ပေါများစုံလင်ပြီးတော့ ထိန်းသိမ်းရန်လိုအပ်နေတဲ့ ရှားပါးတိရစ္ဆာန်များ ခိုအောင်းနေတဲ့အပူပိုင်းအမြဲစိမ်းမုတ်သုံသစ်တောကြီးကို ဖျက်ဆီးခွင့်ပြုလိုက် သလိုဖြစ်နေပါတယ်။ အခုဆိုရင် ကျွန်တော်တို့ဒေသမှာဆိုရင် ရှားပါးတိရစ္ဆာန်တွေရှိပါတယ်။ ဆူမားတြားကျားမျိုးတွေ အခုဆိုရင် မရှိသလောက်ဖြစ်သွားပါပြီ။ နောက်ပြီးတော့ ဂျားဗားကြံ့အမျိုး အနွယ်၊ ကျွန်တော်တို့ဒေသအခေါ်တော့ ကြံ့သူတော်၊ တာလာရှုလို့ခေါ်တဲ့ သတ္တဝါတွေလည်း မရှိတော့ပါဘူး။ ဆင်တွေလည်း သူတို့စားသောက်ဖို့ ဝါးတောတွေ၊ သစ်တောတွေမရှိတော့တဲ့အတွက် အခုဆိုရင် ပြည်ထောင်စုကားလမ်းမကြီးတစ်လျှောက်ပေါ်ကတောင် ထွက်ပြီးတော့သွားနေတဲ့အတွက်

ခရီးသွားပြည်သူလူထုတွေတောင် လုံခြုံမှုမရှိတော့တဲ့အခြေအနေ ရောက်နေပါတယ်။ ကျွန်တော်တို့ ဘုတ်ပြင်းမြို့နယ်မှာ တနသ်ာရီ-ဘုတ်ပြင်း-ကော့သောင်း ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် မျက်နှာစာတန်း အားလုံးနီးပါးဟာ ဆီအုန်းကုမ္ပဏီများက ရယူထားကြပါတယ်။ ကျွန်တော်တို့မြို့နယ်မှာ တိုးပွားလာတဲ့လူဦးရေနဲ့ အနေအထားအရ ဒေသခံပြည်သူတွေအတွက် ကျေးရွာသစ်များထူထောင်ရန်နှင့် စိုက်ပျိုးမြေများ ဖော်ထုတ်ရန်အတွက်တောင် အခက်အခဲဖြစ်လျက်ရှိပါတယ်။ ဆီအုန်းကုမ္ပဏီများဟာ စိုက်ပျိုးသမျှမြေအားလုံးနီးပါးကို လက်ဝါးကြီးအုပ်ရယူထားတဲ့အတွက် ဒေသခံဆင်းရဲသားများ ဝမ်းရေးအတွက် စိုက်ပျိုးစားသောက်ရန် မြေနေရာမရှိဖြစ်နေရပါတယ်။ မြေပုံပေါ်မှာ ကြည့်ပြီးတော့ ဧက သောင်း၊ သိန်းနှင့်ချီ ရယူထားတဲ့အတွက် ကျေးရွာများ၊ မြစ်ချောင်းကြီးများပါ ၎င်းတို့ရဲ့ ပိုင်ဆိုင်မှုထဲမှာ ပါဝင်လျက်ရှိပါတယ်။ တချို့ကျေးရွာတွေမှာဆိုရင် ကျေးရွာချင်းဆက်လမ်းတွေဟာ ဆီအုန်းတောတွေထဲမှာ ရောက်ရှိနေတဲ့အတွက် ကျေးရွာပြည်သူလူထုတွေ ခရီးသွားလာတဲ့အခါမှာ လွတ်လွတ်လပ်လပ်သွားလာခွင့်မရရှိကြပါဘူး။ ဆီအုန်းလုပ်ငန်းများကြောင့် ကျွန်တော်တို့မြို့နယ်မှာ ဘာအကျိုးကျေးဇူးမှ ထူးထူးခြားခြားမရှိခဲ့ပါဘူး။ ကုမ္ပဏီများသာပဲ သားရွှေအိုးထမ်းတဲ့ကိန်းမျိုး ဆိုက်ခဲ့ပါတယ်။ သူတို့ဆီအုန်းစိုက်ပျိုးခွင့်ရတဲ့အတွက် သစ်ထုတ်လုပ်ခွင့်တွေရတယ်။ မြေယာပိုင်ဆိုင်ခွင့်တွေရတယ်။ ထုတ်လုပ်ရရှိတဲ့၊ ရောင်းချလို့ရရှိတဲ့ သစ်ရောင်းရငွေတွေနဲ့ သူတို့ ဆီအုန်းခြံပိုင်ရှင်ကြီးတွေ ဖြစ်လာကြပါတယ်။ ကျွန်တော်တို့ဒေသခံတွေမှာတော့ ဆီအုန်းပင်စိုက်ပျိုးတဲ့အတွက် ရာသီဥတုနှင့်ဂေဟစနစ်တွေ ပျက်စီးတာကို ခံရတယ်။ ရေဝေရေလဲဒေသ ရေစီးရေလာပြောင်းလဲခြင်းတွေကို ဖြစ်ပေါ်ပြီးတော့ နှစ်စဉ်ရေမြုပ်တဲ့ဒဏ်တွေကို ခံရတယ်။ ဆီအုန်းစိုက်ခင်း အတွင်းမှာ အသုံးပြုတဲ့ပိုးသတ်ဆေးတွေ၊ ပေါင်းသတ်ဆေးတွေ၊ ဓာတ်မြေသြဇာတွေကြောင့် မြစ်ချောင်း၊ အင်းအိုင်တွေထဲကို မျောပါပြီးတော့ မြစ်ချောင်း၊ အင်းအိုင်တွေ အဆိပ်သင့်။ တချို့ရေစီးရေလာကြမ်းတမ်းလာတဲ့အတွက်၊ သစ်တောတွေကို အပြောင်ရှင်းထားတဲ့အတွက် ရေစီးရေလာကြမ်းတမ်းကာ သောင်တွေထွန်းပြီးတော့ အခုဆိုရင် ဒီရေတောတွေလည်းပဲ ပျက်စီးဆုံးရှုံးတာ တွေဖြစ်ပါတယ်။ မြစ်ချောင်းတွေလည်း အဆိပ်သင့်ပြီးတော့ ပုစွန်၊ သားငါးတွေလည်း အားလုံးပျက်စီးဆုံးရှုံးပြီးတော့ ရှားပါးလျက်ရှိပါတယ်။

ဆီအုန်းနှင့်ရာဘာဟာ သဘာဝပေါက်ပင်မဟုတ်ဘူးလို့ သတ်မှတ်ထားပါတယ်။ ဒီအပင်တွေဟာ မြေအောက်ရေစုပ်ယူမှုများပြီးတော့ အောက်ဆီဂျင်ထုတ်လုပ်မှုနည်းတဲ့အပင်မျိုးတွေဖြစ်ပါတယ်။ သစ်ပင်အားလုံးအတူတူထင်ပြီးတော့ သဘာဝသစ်တောကြီးမှာ အစားထိုးစိုက်ပျိုးခဲ့တဲ့အတွက် ဆီအုန်းပင်ကြောင့် ကျွန်တော်တို့ဒေသမှာ ရာသီဥတုပူပြင်းတဲ့ဒဏ်တွေ၊ ရေကြီးရေလျှံတဲ့ ဘေးဒုက္ခတွေကို ခံစားနေရပြီဖြစ်ပါတယ်။ ဆီအုန်းပင်တွေကို ရှောင်ပြီးတော့ အကွေ့အကောက်များစွာနဲ့ ဖောက်

ထားတဲ့ ပြည်ထောင်စုလမ်းမကြီးဟာလည်း ဆီအုန်းကားတွေ၊ ဆီသယ်ကားတွေမောင်းလို့ ပိုပြီးတော့ ပျက်စီးလာကို တွေ့ရပါတယ်။ ကမ္ဘာတစ်လွှားမှာ ဆီအုန်းစိုက်ပျိုးရေးလုပ်ငန်းများဟာ ဒေသခံများရဲ့ အခွင့်အရေးများကို ထိခိုက်နစ်နာမှုကြောင့် လုပ်အားခေါင်းပုံဖြတ်မှု၊ အလျှင်အမြန်သစ်တောပြုန်းတီး လာစေမှုနဲ့ သဘာဝပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှုတို့ကြောင့် ပြင်းထန်စွာ ဝေဖန်ခံနေရပြီးတော့ အစိမ်းရောင်ကန္တာရများလို့ နာမည်ဆိုးထွက်နေတဲ့ စီမံကိန်းလုပ်ငန်းများဖြစ်ပါတယ်။ ဒေသခံပြည်သူ လူထုက ၎င်းတို့ရဲ့အသက်အိုးအိမ်စည်းစိမ်နဲ့ အလုပ်အကိုင်၊ အခွင့်အလမ်းများကို အဟန့်အတား ဖြစ်စေတဲ့ ဒီဆီအုန်းစိုက်ပျိုးရေး နှစ်ရှည်စီမံကိန်းကြီးများကို သဘောမတွေ့၊ လက်မခံနိုင်ကြပါကြောင်း ဒေသခံပြည်သူလူထုကိုယ်စား ဆွေးနွေးတင်ပြရင်း ဒေါ်မိကွန်ချမ်း၊ ပေါင်မဲဆန္ဒနယ်ရဲ့အဆိုကို လေးလေးနက်နက်ထောက်ခံဆွေးနွေးအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ။** ။ မိုက်ပိတ်ပါ။

**ဒုတိယဥက္ကဋ္ဌ။** ။ သရက်မဲဆန္ဒနယ်မှ ဦးကံမြင့် ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးကံမြင့်(သရက်မဲဆန္ဒနယ်)။** ။ လေးစားရပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီး နှင့်အားလုံးပဲမင်္ဂလာပါ။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ သရက်မဲဆန္ဒနယ်မှ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဦးကံမြင့်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မွန်ပြည်နယ်၊ ပေါင်မဲဆန္ဒနယ်မှ ဒေါ်မိကွန်ချမ်းရဲ့အဆိုအား ကျွန်တော်အကြံပြုဆွေးနွေးသွားမှာဖြစ်ပါတယ်။ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ရာမှာ အတတ်ပညာရှင်များ၊ အတွေ့အကြုံရှိသူများမှ ဖြစ်နိုင်သမျှကြိုတင်လေ့လာခြင်း (Feasibility Study)၊ ဖြစ်နိုင်ခြေရှိ/မရှိစိစစ်ခြင်း၊ (Analyzing)၊ သုံးသပ်အကဲဖြတ်ခြင်း၊ (Evaluation)နဲ့ ပြီးမှသာဆုံးဖြတ်၍ Decision ချပြီတော့ အကောင်အထည်ဖော် ကျွန်တော်တို့ Implementation လုပ်ရပါမယ်။ စီမံကိန်းအတွက် မြေနေရာအကျယ်အဝန်း လုံလောက်မှုရှိ/မရှိ၊ သဘာဝပတ်ဝန်းကျင်၊ လူမှုပတ်ဝန်းကျင်ထိခိုက်မှုရှိ/မရှိ၊ ဘဏ္ဍာငွေခွဲဝေရရှိမှု လုံလောက်မှုရှိ/မရှိ၊ ငွေကြေးကုန်ကျရာတွင် သက်သာမှု၊ တည်ဆောက်မှုပြုလုပ်ရသည်မှာ ကောင်းမွန်မှုရှိ/မရှိ၊ တန်ဖိုးမြင့် ပြန်လည်ထုတ်လုပ်ရန် လို/မလို၊ အရည်အသွေးစံချိန်စံညွှန်းနဲ့ အရည်အတွက်အများအပြား ထုတ်လုပ် ထွက်ရှိမှုလည်းလိုပါတယ်။ ဒါ့အပြင် ဒေသပြည်သူများ အလုပ်အကိုင်အခွင့်အလမ်း ဘယ်လောက်ရရှိ နိုင်မလဲ၊ ၎င်းတို့ရဲ့ စီးပွားရေး၊ လူမှုရေး၊ ပညာရေးတို့အပေါ် ဘယ်လောက်အကျိုးရှိနိုင်သလဲစတဲ့ သက်ရောက်မှုရှိနိုင်တဲ့ ကိစ္စများဟာ ကုန်ထုတ်လုပ်မှု၊ ဝန်ဆောင်မှု စသည့် အခြားသောစီမံကိန်း လုပ်ငန်းများအတွက် ထည့်သွင်းစဉ်းစားပြီးမှ အကောင်အထည်ဖော်ဆောင်ရွက်သင့်ပါတယ်။ ရှုးချင်လို့

စိတ်ကူးယဉ်တဲ့ ခြံစည်းရိုးကြက်ဆူပင်လိုစီမံကိန်းမျိုး ငွေကြေး၊ လုပ်အား၊ အချိန်များစွာကုန်ပြီး ဘယ်သူ့အတွက်မှ အကျိုးမရှိတဲ့ စီမံကိန်းမျိုးမဖြစ်ဖို့လည်း လိုပါတယ်။ အစိုးရတစ်ရပ် လုပ်ငန်းစွမ်းဆောင်ရည်အများအပြားစွမ်းဆောင်နိုင်သယောင် အဟောသိကံစီမံကိန်းမျိုး မဆောင်ရွက်ဖို့လည်း လိုပါတယ်။ လုပ်ပိုင် ခွင့်ရှိသူ၊ ခွင့်ပြုနိုင်သူတစ်ဦး သို့မဟုတ် အဖွဲ့တစ်ခု အနေနဲ့ မိမိ သို့မဟုတ် မိမိအဖွဲ့အား တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်သော်လည်းကောင်း အကျိုးရှိစေမယ့်စီမံကိန်းမျိုးလည်း မချမှတ်သင့်ပါဘူး။ တစ်နည်းအားဖြင့် ကျွန်တော်တို့က Abuse of Power ပေါ့။ လုပ်ပိုင်ခွင့်ကို အလွဲသုံးစားလုပ်တဲ့ပုံစံမျိုး ဒါ မဖြစ်သင့်ပါဘူး။ တိုင်းပြည်ရဲ့ဘဏ္ဍာရေးအခြေအနေမှာလည်း နှစ်စဉ်လိုငွေပြနေပြီး ၂၀၁၇-၂၀၁၈ ခုနှစ်မှာ ဘတ်ဂျက်လိုငွေဟာ ကျပ်ဘီလီယံ ၄၁၂၈ လို့ ခန့်မှန်းထားပါတယ်။ ၃၁-၃-၂၀၁၆ ရက်နေ့အထိ ပြည်တွင်းပြည်ပ ကြွေးမြီလက်ကျန်စာရင်းအရ ကြွေးမြီနှင့် GDP အချိုးဟာ ၃၈.၁ ရာခိုင်နှုန်းသို့ရောက်နေတဲ့အတွက် ကမ္ဘာ့ဘဏ်နဲ့ အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့ဟာလည်း ဝေဖန်ထားတာတွေ့ရှိရပါတယ်။ ပြီးခဲ့တဲ့အချိန်က စက်မှုဝန်ကြီးဌာနရဲ့စက်ရုံများအနက် စက်ရုံ ၃၉ ရုံနဲ့ပတ်သက်ပြီး လတ်တလောယာယီရပ်ဆိုင်း၍ လေ့လာသုံးသပ်ရေးကော်မတီဖွဲ့စည်းပြီး ဘယ်လိုဆောင်ရွက်သင့်သည်ကို လေ့လာသင့်သည့်စက်ရုံ ၃၁ ရုံ၊ ပြည်တွင်းပြည်ပမှ နည်းပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ နိုင်ငံတော်နှင့်အကျိုးတူဆောင်ရွက်သင့်သည့် စက်ရုံလေးရုံအနက် ပြည်ထောင်စုအစိုးရအဖွဲ့မှကြပ်မတ်၍ ဆက်လက်လုပ်ကိုင်သင့်သည့် လုပ်ငန်းတစ်ခုအဖြစ် ဖော်ထုတ်တွေ့ရှိခဲ့ပါတယ်။

အထက်မှာဆွေးနွေးခဲ့သည့်အတိုင်း ကနဦးလေ့လာမှု၊ စိစစ်မှု၊ သုံးသပ်အကဲဖြတ်မှုလုပ်ရမယ့်အလုပ်က အခုမှပြန်လည် လုပ်ဆောင်ရမလိုဖြစ်နေပါတယ်။ လေ့လာရသလောက် အချို့ပို့ဆောင်ရေးလုပ်ငန်းများအနေနဲ့လည်း ဝင်ငွေများ လျာထားချက်အတိုင်း ကောက်ခံရရှိမှုမရှိခြင်း၊ လုပ်ငန်းအတွက် ပြုပြင်ရန်ခွင့်ပြုထားသော အသုံးစရိတ်များဟာ ထိထိရောက်ရောက် အသုံးဝင်မှုရှိရှိ အသုံးပြုမှုမရှိကြောင်း သိရှိရပါတယ်။ ဒီနေရာမှာ ကျွန်တော်တို့တိုင်းပြည်အနေနဲ့က Financial Statement အနေနဲ့ ကျွန်တော်ပြောချင်တာက ကျွန်တော်တို့က Surplus Budget မဖြစ်တောင်မှ Balanced Budget ကျွန်တော်တို့လည်း ဖြစ်ဖို့လည်း မဖြစ်သင့်တော့ဘူး။ ကျွန်တော်တို့ အဲဒီတော့ Deficit Budget ကို ကျွန်တော်တို့က ချိန်ညှိရအောင် ကျွန်တော်တို့က Revenue တွေကို အခွန်ရငွေတွေကို တိုးပြီးကောက်သလို ကျွန်တော်တို့က Expenditure တွေကို အသုံးစရိတ်တွေကို ချွေချွေတာတာနဲ့ ထိထိရောက်ရောက် ကျွန်တော်တို့ သုံးဖို့လိုမှာပါ။ နောက် စီးပွားရေးသဘောအရ နိုင်ငံတော်ရဲ့ လုပ်ငန်းစီမံကိန်းဖြစ်စေ၊ ပုဂ္ဂလိကလုပ်ငန်းဖြစ်စေ လုပ်ငန်းဆောင်ရွက်မှုအချိုး တစ်နည်းအားဖြင့်

ခန့်မှန်းထားတဲ့အတိုင်း ပြန်လည်ရရှိမှုရှိ/မရှိ၊ ကျခံသုံးစွဲသည့်အသုံးစရိတ်အား လေလွင့်ဆုံးရှုံးမှု၊ အလွဲသုံးစားမှု၊ မသမာမှုမရှိဘဲ ထိထိရောက်ရောက်သုံးစွဲမှုရှိ/မရှိ၊ ထုတ်လုပ်မှု၊ ဝန်ဆောင်မှု စသည့် လုပ်ငန်းဆောင်ရွက်မှုများတွင်လည်း လျာထားချက်ကိန်းဂဏန်းများအား အမှန်တကယ် အကောင် အထည်ဖော်ဆောင်ရွက်ဖို့ လိုပါတယ်။ စီမံကိန်းလုပ်ငန်းများ ရေရှည်တည်တံ့တိုးတက်စေဖို့ လုပ်ငန်း စတင်သည့်နေ့မှ စဉ်ဆက်မပြတ်တာဝန်ရှိသူများမှ လုပ်ငန်းဆောင်ရွက်သည့်အခြေအနေများ၊ ဘဏ္ဍာရေးအခြေအနေများအား အဆင့်ဆင့် ကြီးကြပ်စစ်ဆေးဖို့လိုပါတယ်။ ကျွန်တော်တို့အစိုးရ အနေနဲ့ အိမ်အိုကြီးတစ်အိမ်ပေါ်မှာတက်နေရသလို သေတော့မည့်သူအား အသက်ကယ်ဆေးထိုး နေရတဲ့ ကျွန်တော်တို့ တိုင်းပြည်ရဲ့စီးပွားရေးအခြေအနေအား ပြန်လည်နာလန်ထူရေးအတွက် ပညာ၊ သတိ၊ စေတနာများနဲ့ ဆောင်ရွက်ဖို့နဲ့ ပွင့်လင်းမြင်သာမှု၊ တာဝန်ယူမှု၊ တာဝန်ခံမှုအပြည့်နဲ့ ဆောင်ရွက် ကြပါစို့လို့ တိုက်တွန်းရင်း မွန်ပြည်နယ်၊ ပေါင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်မိကွန်ချမ်းရဲ့အဆိုအား လေးလေးနက်နက် ထောက်ခံအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါ တယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ မင်္ဂလာတောင်ညွန့်မဲဆန္ဒနယ်မှ ဒေါ်ဖြူဖြူသင်း ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဒေါ်ဖြူဖြူသင်း(မင်္ဂလာတောင်ညွန့်မဲဆန္ဒနယ်)**။ ။ အားလုံးပဲမင်္ဂလာပါ။ လေးစား အပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးရှင်။ ကျွန်မအနေနဲ့ ပေါင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ် တော်ကိုယ်စားလှယ် ဒေါ်မိကွန်ချမ်းရဲ့အဆိုကို ထောက်ခံအကြံပြုဆွေးနွေးသွားမှာဖြစ်ပါတယ်။ ဒီအဆို က အလွန်ကျယ်ပြန့်ပြီး ရှုပ်ထွေးလှပေမဲ့ လက်ရှိပြည်သူလူထုနဲ့အစိုးရဟာ လွဲမှားတဲ့စီမံကိန်းတွေ ကြောင့် နစ်နာဆုံးရှုံးမှုများစွာနဲ့ ရင်ဆိုင်နေရပါတယ်။ လွန်ခဲ့တဲ့နှစ်ပေါင်းများစွာကတည်းက အစိုးရရဲ့ စီမံခန့်ခွဲမှုအားနည်းခြင်း၊ လက်ဝါးကြီးအုပ်စီးပွားရေးလုပ်ငန်းများအတွက် ပွင့်လင်းမြင်သာမှုမရှိ၊ အဂတိလိုက်စားမှုများစွာနဲ့ မြန်မာတစ်နိုင်ငံလုံးမှာရှိတဲ့နေရာ ပြည်သူ့အပန်းဖြေနေရာတွေ၊ အားကစား ကွင်းတွေ၊ မြစ်၊ ချောင်း၊ တော၊ တောင်ပါမကျန် အားလုံးကို ကုမ္ပဏီများ၊ မိမိနဲ့ပတ်သက်ဆက်နွယ်နေသူ များကို ဥပဒေမဲ့လုပ်ဆောင်ခွင့်ပေးခဲ့ကြတာကြောင့် ဖြစ်ပါတယ်။ စီမံခန့်ခွဲမှုအမှားတွေကြောင့် ပြည်သူ လူထုဟာ သဘာဝဘေးအန္တရာယ်ဆိုးကျိုးတွေကို ခံစားခဲ့ရ၊ ခံစားနေရဆဲလည်းဖြစ်ပါတယ်။ အခုလည်း သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းဖို့မပြောနဲ့ စီမံကိန်းတွေအရခွင့်ပြုထားတဲ့ သတ်မှတ်ချက်ကို ကျော်လွန်ပြီးတော့ တောင်တွေကို ဖြိုချနေကြတုန်း၊ မိုင်းတွေကို ခွဲနေကြတုန်းပဲဖြစ်ပါတယ်။ အရေးကြီးဆုံးအချက်တစ်ခုကိုလည်း ပညာရှင်တွေက ထောက်ပြပြောဆိုကြပါတယ်။ အဲဒါကတော့

ရေဝတီမြစ်နဲ့ပတ်သက်ပြီးတော့ မြစ်ညှာမှာဆည်တွေဆောက်တယ်၊ ကျောက်တွေစုပ်တယ်၊ ရွှေကျင်တဲ့ အလုပ်တွေလုပ်တယ်။ သတ္တုတွေတူးတဲ့လုပ်ငန်းတွေကြောင့် မြစ်ဝှမ်းကို သဲနုန်းတွေပို့ချပြီးတော့ အကြီးမားဆုံးဆိုးကျိုးအဖြစ် မြစ်ဟာတဖြည်းဖြည်း တိမ်ကောလာနေပါတယ်။ ဒါတွေကိုဖြေရှင်းဖို့ ဆိုရင်တော့ ကျွန်မတို့ ဘီလီယံနဲ့ချီတဲ့ငွေကြေးတွေ ကျခံသုံးစွဲရမှာဖြစ်သလို ဒီလိုငွေကြေးတွေ မသုံးစွဲ၊ မပြုပြင်ဘူးဆိုလို့ရှိရင်လည်း မြစ်ကြီးဟာကောသွားဖို့ပဲရှိနေပါတယ်။ ဒါတွေဟာ တရားဝင်နှစ်ရှည် လုပ်ကိုင်ခွင့်အရ စီမံကိန်းတွေကနေပြီးတော့ ဖြစ်ပေါ်လာတဲ့ဘေးထွက်ဆိုးကျိုးတွေပဲ ဖြစ်ပါတယ်။ ဒီအခြေအနေမျိုးမှာ စီးပွားရေးလုပ်ကွက်တွေကို စိစစ်ကြပ်မတ်ခြင်းမရှိဘဲနဲ့ ဥပဒေအပလုပ်ကိုင် ဆောင်ရွက်ခွင့်ပေးနေမယ်ဆိုလို့ရှိရင်တော့ ယခင်အခြေအနေမျိုးပဲ ဖြစ်နေမှာပါ။ ရင်းနှီးမြှုပ်နှံမှု ဥပဒေအရ စီးပွားရေးလုပ်ငန်းတွေ လုပ်ကိုင်စေခဲ့တယ်ဆိုပေမဲ့လည်း နိုင်ငံတော်အတွက် အလွန် နည်းပါးတဲ့ ဝင်ငွေသာရတာဟာ အများပြည်သူရဲ့ ကျန်းမာရေးလုပ်ဆောင်နေတဲ့ အားကစားကွင်းတွေ ကိုပါ လုပ်ငန်းလုပ်ကိုင်ခွင့်ပေးခဲ့တာတွေဟာ ရင်းနှီးမြှုပ်နှံမှုဥပဒေနဲ့ ဖြောင့်ဖြောင့်ကြီးဆန့်ကျင်နေတာ ကို တွေ့ရပါတယ်။ ဒါကလည်း နိုင်ငံအနှံ့အပြားမှာ ဖြစ်နေခဲ့တာတွေပါ။

ကျွန်မမဲဆန္ဒနယ်မြေဖြစ်တဲ့ မင်္ဂလာတောင်ညွန့်မြို့နယ်မှာလည်း ပြည်သူတွေကိုယ်တိုင်ကလည်း လက်မခံဘဲနဲ့ ရင်းနှီးမြှုပ်နှံမှုပေးထားတဲ့လုပ်ငန်းတွေ အမြောက်အမြား ရှိနေပါတယ်။ Power Point အသုံးပြုခွင့်ပေးပါ။ ဒါကတော့ ရန်ကုန်တိရစ္ဆာန် ဥယျာဉ်ပါ။ ဒါဟာ ၂၀၁၁ ခုနှစ်၊ မတ်လ ၂၈ ရက်နေ့မှာ တစ်နှစ်ကို သိန်း ၇၀၀ နဲ့ ငှားရမ်းစာချုပ်ချုပ် ဆိုခွင့်ပေးခဲ့တာပါ။ ရန်ကုန်မြို့လည်မှာ အင်မတန်အချက်အချာကျပြီးတော့ မြေဧကက ၆၉.၂၅ ဧက ကျော် ကျယ်ဝန်းတဲ့နေရာလည်း ဖြစ်ပါတယ်။ ဒီတိရစ္ဆာန်ဥယျာဉ်ကို တစ်နှစ်ပျမ်းမျှလာရောက်သူတွေဟာ သိန်းနဲ့ချီပါတယ်။ ဝင်ကြေး အဖြစ် တစ်ဦးကိုတစ်ထောင်နှုန်း သတ်မှတ်ကောက်ခံနေတာဖြစ်ပါတယ်။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေး နှစ်မှာ သိန်း ၇၇၀ ကို တစ်နှစ်ကို တိုးမြှင့်ခဲ့တာပါ။ နောက်တစ်ခုကတော့ ကန်တော်ကြီးမျှော်စင်ကျွန်း ပါ။ ဒါကတော့ ၂၀၁၀ ခုနှစ်မှာ နှစ် ၃၀ ငှားရမ်းလုပ်ကိုင်ခွင့်ပေးခဲ့ပါတယ်။ မူလငှားရမ်းခ တစ်နှစ်ကို သိန်း ၃၀၀ ဖြစ်ပြီးတော့ ငါးနှစ်စာချုပ်ချုပ်ဆိုခွင့်ပေးခဲ့ပါတယ်။ အကျယ်အဝန်းကတော့ ၂၅ ဧက ရှိပါတယ်။ အများနှင့်သက်ဆိုင်နေတဲ့ အပန်းဖြေနေရာကို ဝင်ကြေးအဖြစ် ၃၀၀ ကျပ် ကောက်ခံ ပါတယ်။ အခြားစားသောက်ဆိုင်လုပ်ငန်းတွေကိုလည်း ပြန်ပြီးအငှားချထားတာ တွေ့ရပါတယ်။ ဒီလုပ်ငန်းနှစ်ခုကို ကြည့်မယ်ဆိုလို့ရှိရင် အမှန်တကယ်ကော ကာလပေါက်ဈေးအတိုင်းလုပ်ဆောင် နေသလားဆိုတာကို တွေ့ရမှာဖြစ်ပါတယ်။ နောက်တစ်ချက်ကတော့ သိမ်ဖြူအားကစားကွင်းပါ။ ဒီသိမ်ဖြူအားကစားကွင်းဟာ နိုင်ငံ့ဂုဏ်ဆောင်ဘောလုံးသမားတွေကိုတောင် မွေးထုတ်ပေးနိုင်ခဲ့တဲ့

ဘူမိနက်သန်နေရာလည်းဖြစ်ပါတယ်။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနဲ့ အကျိုးတူပူးပေါင်းဆောင်ရွက်နေတယ်လို့ဆိုပါတယ်။ ဒီအဆောက်အဦကို ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ ၁ ရက်နေ့မှာ စီမံကိန်းကို စတင်ခဲ့တာပါ။ ဒါပေမဲ့ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်က ၂၀၁၄ ခုနှစ်၊ ဇွန်လ ၂၆ ရက်စွဲနဲ့ထုတ်ပြန်တဲ့စာမှာ သိမ်ဖြူအားကစားကွင်းကို အဆောက်အဦဆောက်လုပ်ခွင့်စီမံကိန်း ခွင့်ပြုမိန့်ထုတ်ပေးထားခြင်းမရှိပါသဖြင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်နဲ့ သက်ဆိုင်ခြင်းမရှိပါကြောင်းဆိုပြီး ထုတ်ပြန်ထားခဲ့တာ တွေ့ရပါတယ်။ ပြည်သူလူထုကလည်းပဲ လက်မခံဘဲ ဆန္ဒပြခြင်းများပြုလုပ်ခဲ့တဲ့စီမံကိန်းလည်း ဖြစ်ပါတယ်။ နောက်တစ်ခုကတော့ မြန်မာ့ဂုဏ်ရည်လမ်းနှင့်ဖိုလ်မြင်ရပ်ကွက်မှာရှိတဲ့ ရန်ကုန်မြို့တော်စည်ပင်သာယာရေးဌာနပိုင်နေရာကိုတော့ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်မှာ မေးမြန်းခဲ့ရာမှာ ယခင်အစိုးရလက်ထက်(၂၆/၂၀၁၄)ဆုံးဖြတ်ချက်အရ တင်ဒါပေးပြီးတော့ အတည်ပြုပြီးဖြစ်ကြောင်း သိရှိရပါတယ်။ နောက်ပိုင်းမှာတော့ ရင်းနှီးမြှုပ်နှံမှုနှင့်ပတ်သက်ပြီးတော့ လွှတ်တော်ကိုယ်စားလှယ်တွေ၊ ရပ်မိရပ်ဖတွေ၊ အုပ်ချုပ်ရေးဌာနအသီးသီးကဌာနဆိုင်ရာတွေကို ရှင်းပြပေးခဲ့ပါတယ်။ ကျွန်မတို့ ဆက်လက်စောင့်ကြည့်ရမယ့်လုပ်ငန်းတစ်ခုပါ။

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေမှာ အခန်း(၂) ရည်ရွယ်ချက်၊ ပုဒ်မ ၃ ပုဒ်မခွဲ(က)နှင့် အခန်း(၆) ကော်မရှင်ရဲ့လုပ်ပိုင်ခွင့်နှင့် တာဝန်များဆိုပြီးတော့ ပုဒ်မခွဲ(ဋ)မှာ ရင်းနှီးမြှုပ်နှံမှုနှင့်ပတ်သက်ပြီးတော့ အတိအလင်းဖော်ပြထားတာရှိပါတယ်။ ဒါကြောင့် နိဂုံးချုပ်အနေနဲ့ အခြေခံပြည်သူလူထုကြားထဲမှာ အစိုးရသစ် တစ်နှစ်ကျော်ကာလမှာ စီးပွားရေးတိုးတက်လာခြင်းမရှိလို့ အားမလိုအားမရဖြစ်နေတာတွေလည်း ကြားသိနေရပါတယ်။ အဓိကအားဖြင့် စီးပွားရေးကဏ္ဍကို အမြန်ဆုံးဖွံ့ဖြိုးတိုးတက်ချင်တယ်ဆိုရင်တော့ အရှေ့ကို ဘယ်လောက်ပဲတွန်းတွန်း အဆင်ပြေနိုင်မှာမဟုတ်ပါဘူး။ အတိတ်မှာလုပ်ကိုင်ဆောင်ရွက်ခဲ့တဲ့ စီးပွားရေးလုပ်ငန်းများကိုလည်း ပြန်လည်စစ်ဆေးပြီးတော့ လိုအပ်သလိုဆောင်ရွက်သင့်ပါတယ်။ စတင်ဆောင်ရွက်ခဲ့စဉ်က စာချုပ်များ ချုပ်ဆိုခဲ့ရာမှာ ကာလပေါက်ဈေးနဲ့ ညီညွတ်ခြင်းရှိ/မရှိ၊ စာချုပ်ပါ စည်းမျဉ်းစည်းကမ်းများကို လိုက်နာခြင်းရှိ/မရှိ၊ ပြည်သူလူထုလက်ခံနိုင်ခြင်းရှိ/မရှိဆိုတာတွေကို ဥပဒေနှင့်အညီ ပွင့်လင်းမြင်သာစွာ ဆောင်ရွက်ဖို့လိုပါတယ်။ ဒါမှလည်း စီးပွားရေးလုပ်ငန်းရှင်များနဲ့ ပြည်သူများအကြား အမြင်ကြည်လင်မှုရှိပြီး အေးချမ်းစွာလုပ်ကိုင်ဆောင်ရွက်နိုင်မှာဖြစ်တဲ့အတွက် ဒေါ်မိကွန်ချမ်း တင်သွင်းတဲ့အဆိုကို ထောက်ခံဆွေးနွေးလိုက်ရပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ မိုက်ပိတ်ပါ။

**ဒုတိယဥက္ကဋ္ဌ။** ။ သထုံမဲဆန္ဒနယ်မှ ဒေါ်မာမာခိုင် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါ်မာမာခိုင်(သထုံမဲဆန္ဒနယ်)။** ။ ဒုတိယဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါ။ ကျွန်မကတော့ ပေါင်မဲဆန္ဒနယ်က ဒေါ်မိကွန်ချမ်းရဲ့အဆိုကို ထောက်ခံဆွေးနွေးမယ့် သထုံမဲဆန္ဒနယ်က ဒေါ်မာမာခိုင်ဖြစ်ပါတယ်။ ဒုတိယဥက္ကဋ္ဌကြီးရှင်။ ဒီနေ့နိုင်ငံမှာ ပြည်သူတွေတော်တော်များများ အစိုးရစီမံကိန်းတွေ၊ ပုဂ္ဂလိကတွေ ကိုလုပ်ခွင့်ပြုထားတဲ့ စီမံကိန်းတွေအပေါ်မှာ ကန့်ကွက်နေကြတာ၊ သဘောမတူဖြစ်နေကြတာတွေဟာ အဲဒီဒေသရဲ့သဘာဝပတ်ဝန်းကျင်နှင့် သယံဇာတအရင်းအမြစ်တွေကို ထိခိုက်စေတဲ့အခြေခံ အကြောင်းတရားတစ်ခု ပါဝင်ပါတယ်။ အစိုးရအနေနဲ့ ပြည်သူလူထုရဲ့အသံ၊ ပြည်သူလူထုရဲ့ဆန္ဒကို အလေးဂရုပြုကြရမှာပါ။ စီမံကိန်းတစ်ခုကြောင့် အဲဒီဒေသကပြည်သူတွေရဲ့ အသက်အိုးအိမ် စည်းစိမ်ကို ထိခိုက်စေမယ်ဆိုရင် ဖြစ်သင့်ပါ့မလား။ ဒါတွေကို လက်တွေ့သုံးသပ်နိုင်ဖို့ ကျွန်မတို့ မွန်ပြည်နယ်က အဖြစ်အပျက်နဲ့တင်ပြသွားပါမယ်။ Power Point အသုံးပြုခွင့်ပြုပါရှင်။ ပုံမှာပါတဲ့ အတိုင်း ဇင်းကျိုက်ဆံတော်ရှင်တည်ရှိရာ ကုလားမတောင်တန်းကြီးဟာဆိုရင် တောင်စွယ်တောင်တန်း တွေနဲ့ ညှို့ဆိုင်းလှပနေပါတယ်။ ဒီတောင်တန်းတွေရှိလို့ သဘာဝမိုးရေ ပုံမှန်ရွာသွန်းစေ သလို သဘာဝစိမ့်စမ်းရေထွက်တွေရရှိစေကာ မုန်တိုင်းဒဏ်ကိုလည်း ကာကွယ်ပေးပါတယ်။ ဒါဟာကတော့ တောင်တန်းကြီးတည်ရှိရာ သစ်တောဌာနပိုင်မြေတွေမှာ ကျောက်ထုတ်လုပ်ရေး စီမံကိန်းကို လုပ်ကိုင် နေတဲ့ Long Life ကုမ္ပဏီတည်ရှိရာနေရာပါ။ ပုံမှာတွေ့ရတဲ့အတိုင်း တည်ရှိရာနေရာက ကျေးရွာသုံး ရေအရင်းအမြစ်တွေ၊ စမ်းရေနေရာတွေ၊ ဒူးရင်း၊ မင်းဂွတ်အပါအဝင် အခြားသီးပင်သီးနှံများရှိတဲ့ တောင်ပေါ်ဥယျာဉ်ခြံနဲ့ တောင်ခြေနားတစ်ဝိုက်မှာ နွှေစပါး၊ မိုးစပါး၊ စိုက်မြေဧကတွေရှိပါတယ်။ ဒါကတော့ ကျောက်ထုတ်လုပ်ကွက်အနီးအဝေးရိုက်ထားတဲ့ပုံတွေပါပဲရှင်။ ဒါကတော့ ရေဆင်း စမ်းချောင်းတွေ၊ ရေမြောင်းတွေထဲကို ကျောက်မိုင်းက သဲနုန်းမြေတွေဝင်ရောက်ပိတ်ဆို့မှု ကြောင့် ပေါင်မြို့နယ်၊ အုတ်တံတားကျေးရွာ အတွင်းအပြင်လမ်းတွေနဲ့ ခြံတွေထဲ ရေကြီးနစ်မြုပ်နေတဲ့ပုံပါ။

ဒါကတော့ ချောင်း၊ မြောင်းရေထဲမှာ ရေကျသွားပြီးတဲ့နောက် သဲနုန်းအနည်အနှစ်တွေ ကျန်ခဲ့တဲ့ပုံနဲ့ ရွာထဲကသုံးစွဲနေတဲ့ ရေတွင်းတွေဟာဆိုရင် ကျောက်စီပေါင်တင်ထားတာတွေပျက်ပြီး ရေနီတွေတွင်းအပြည့်ဝင်ရောက်ခဲ့ပါတယ်။ ဒါကတော့ အိမ်ခြံမြေတွေအထဲမှာ နဂိုရှိနေတဲ့ မြေတွေ ပေါ်မှာ တင်ကျန်ရစ်ခဲ့တဲ့ သဲနုန်းမြေတွေဖြစ်ပြီး သဲနုန်းတွေရဲ့ပွတ်တိုက်မှုကြောင့် ဒူးရင်းပင်စည်တွေ ထိခိုက်ပြီး ဒီလိုပဲအတော်များများညှိုးခြောက်ပျက်စီးခဲ့ရပါတယ်။ ရပါပြီ။ ယခင်က ရေခံ၊ မြေခံကောင်း

ပြီးတော့ အသီးအနှံပေါများခဲ့တဲ့ အဲဒီဒေသမှာ ဒီသဲနုန်းတွေရဲ့ပွတ်တိုက်မှုကြောင့်၊ စိမ့်စမ်းရေတွေ ခမ်းခြောက်မှုကြောင့် အပင်တွေပျက်စီးသလို နွေဆိုရင်လည်း တစ်ခါမှမခမ်းခဲ့ဖူးတဲ့ စမ်းရေ၊ တွင်းရေ တွေခမ်းခြောက်ပြီးတော့ အခုဆိုရင် ရေရှားပါးမှုဒဏ်ကို ခံစားနေရပါပြီ။ ဒီလုပ်ငန်းတွေအပြင် ကုလားမတောင်တန်းတည်တံ့မှုကို စိန်ခေါ်နေတဲ့ နောက်လုပ်ငန်းတစ်ခုကတော့ တောင်ကြောရဲ့ အရှေ့ဘက်မှာ ကတိုက်နှင့်သဲအိမ်ရွာတွေမှာ ကျောက်ထုတ်လုပ်ငန်းကို လုပ်ကိုင်နေတာပဲဖြစ်ပါတယ်။ အဲဒီနေရာမှာလုပ်ကိုင်တဲ့အတွက် ဒီကုလားမတောင်တန်းကြီးကို ရှေ့နောက်ညှပ်ပြီး လုပ်သလို ဖြစ်နေတဲ့အတွက် ရေဝေကြောတွေကိုပျက်စေပါတယ်။ လုပ်ကွက်အသစ်တွေအတွက်၊ သစ်ပင်တွေကို ခုတ်လှဲရတဲ့အတွက် သဘာဝအရင်းအမြစ်တွေများစွာထိခိုက်စေပါတယ်။ ကြီးမားတဲ့အန္တရာယ်တစ်ခု ကတော့ ကုလားမတောင်ကြောအရှေ့ဘက်ခြမ်းကို တည်မှီတည်ဆောက်ထားတဲ့ ကတိုက်ဆည်ရဲ့အနီး တစ်ဝိုက်မှာ မိုင်းတွေခွဲနေတာကြောင့် တုန်ခါမှုတွေဖြစ်ပြီး ဆည်ကိုထိခိုက်ပါတယ်။ တကယ်လို့ ဆည်ကျိုးပေါက်မှုဖြစ်ခဲ့ရင် ကပ်လျက်တည်ရှိနေတဲ့ ကတိုက်ကျေးရွာ၊ ကျောက်ရေတွင်း၊ တံခွန်တိုင် စတဲ့ရွာတွေရွာလုံးကျွတ် ဒုက္ခရောက်နိုင်ပါတယ်။ စီမံကိန်းနေရာတွေက သစ်တောမြေတွေဖြစ်ပြီးတော့ ကျောက်သားတောင်တွေမဟုတ်လို့ ပြိုရင် အနီးအနားမှာရှိတဲ့ ပြည်သူတွေအသက်၊ အိုးအိမ်၊ စည်းစိမ် ထိခိုက်နိုင်သလို ယမ်းဖောက်ခွဲမှု၊ ကျောက်ခွဲစက်တွေရဲ့ ဆူညံမှု၊ လေထဲပျံ့လွင့်နေတဲ့ ယမ်းတွေနဲ့ ကျောက်မှုန့်တွေစတာတွေကြောင့် ပြည်သူတွေရဲ့ ကျန်းမာရေးကို ထိခိုက်စေလို့ ပြည်သူတွေစိုးရိမ် ပူပန်နေကြပါတယ်။ ဒီတောင်ကြောတစ်ဝိုက်မှာတင် မိုင်းလုပ်ငန်း ၄၀ လောက်ရှိနေတာကလည်း စိုးရိမ် စရာပါ။ ကျွန်မတို့ သထုံမှာဆိုရင်လည်း အဲဒီလိုပါပဲ။ သဘာဝလှိုဏ်မြောင်လိုဏ်ဂူတွေနဲ့ပြည့်နှက် နေတယ်။ သဘာဝသားငါးအရင်းအမြစ်တွေ အများကြီးရှိနေတယ်။ ရှားပါးတဲ့ ငါး၊ ပုဇွန်ထွက်တဲ့နေရာ၊ ရေချိုးရတဲ့နေရာ၊ သစ်ခွ၊ ဂမုန်းနဲ့ တောရိုင်းတိရစ္ဆာန်တွေရှိတဲ့ ကျွန်မတို့ မင်းလွင်တောင်ကို ဖြိုချ ပြီးတော့ ဘိလပ်မြေစက်ရုံတည်ထောင်ဖို့အတွက် ၂၀၁၃-၂၀၁၄ ခုနှစ်ကတည်းက စတင်ကြိုးပမ်းပြီးတော့ ခတ်သတ္တုစမ်းသပ်တိုင်းတာခွင့်ကို ဖြူမင်းထွန်းကုမ္ပဏီကို ၂၀၁၅ ခုနှစ်ကတည်းက ပေးခဲ့ပါတယ်။ ဒီစီမံကိန်းကြောင့် သဘာဝပတ်ဝန်းကျင်ပျက်စီးစေသလို ဒေသခံတွေရဲ့လယ်ယာမြေတွေလည်း အများအပြားဆုံးရှုံးမှာမို့ ဒေသခံတွေက သဘောမတူကန့်ကွက်နေကြပြီး ဒီစီမံကိန်းဆက်လက် အကောင်အထည်ဖော်မှာ စိုးရိမ်နေကြပါတယ်။

ဒုတိယဥက္ကဋ္ဌကြီးရှင်။ ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၁) ပုဒ်မ ၄၅ မှာ နိုင်ငံတော်သည် သဘာဝပတ်ဝန်းကျင်ကို ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ရမယ်လို့ ဖော်ပြထားတဲ့အတွက် အစိုးရ အနေနဲ့ စီမံကိန်းတွေလုပ်တဲ့အခါမှာ ဒီအချက်ကို သတိချပ်သင့်ပါတယ်။ အဆိုရှင်တင်ပြသလို အစိုးရ

အနေနဲ့ စီမံကိန်းလုပ်ငန်းတွေကို မဖြစ်မနေလုပ်မယ်ဆိုရင် အထက်မှာဆွေးနွေးခဲ့သလို Long Life ကုမ္ပဏီအပါအဝင် စီမံကိန်းလုပ်ငန်းတွေကို စနစ်တကျကိုင်တွယ်ပြီးတော့ ပိုမိုတင်းကြပ်တဲ့စည်းမျဉ်း၊ စည်းကမ်းတွေနဲ့ ပြန်လည်စိစစ်သင့်ပါတယ်။ ဒီလုပ်ငန်းတွေက ရလာတဲ့အခွန်အခတွေကရော သဘာဝပတ်ဝန်းကျင်ပျက်စီးတာရယ်၊ ဒေသခံတွေရဲ့ အသက်အိုးအိမ်စည်းစိမ်ပျက်စီးခံစားရတာနဲ့ နှိုင်းယှဉ်ရင် တိုင်းပြည်အတွက် ထိုက်တန်ရဲ့လားဆိုတာကိုလည်း သုံးသပ်သင့်ပါတယ်။ တောတွေ၊ တောင်တွေဟာ မှိုလို၊ မျှစ်လို မြေကြီးထဲက နှစ်စဉ်ထွက်မလာတတ်သလို ဖန်တီးလို့ရတဲ့ အရာတွေ မဟုတ်တဲ့အတွက် တန်ဖိုးထားရပါမယ်။ လမ်းတွေ့ရင်ဖောက်၊ မြစ်တွေ့ရင်တံတားဆောက်တဲ့ စီမံကိန်း လုပ်တာ ပြဿနာမဟုတ်ပေမဲ့ တောတွေ့ရင်ခုတ်သလို တောင်တွေ့ရင်ဖြုတ်ဖြိုမယ့်စီမံကိန်းတွေက တော့ ပြည်သူအများစု လက်ခံကြမှာမဟုတ်တဲ့အတွက် ပြန်လည်စိစစ်သင့်ပါကြောင်း ပြောကြားရင်းနဲ့ ဒေါ်မိကွန်ချမ်းရဲ့အဆိုကို လေးလေးနက်နက်ထောက်ခံအပ်ပါတယ်ရှင်။ ကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ ဂွမဲဆန္ဒနယ်မှ ဦးမြင့်ဝေ ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးမြင့်ဝေ(ဂွမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်ပုဂ္ဂိုလ်များ၊ ဧည့်သည်တော်များ အားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်ဂါရဝပြုပါတယ်။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ်၊ ဂွမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ဝေဖြစ်ပါတယ်။ ဒီနေ့ ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေးရဲ့ (၂၀)ရက်မြောက်နေ့မှာ မွန်ပြည်နယ်၊ ပေါင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်မိကွန်ချမ်းရဲ့အဆိုကို ထောက်ခံဆွေးနွေးသွား မှာဖြစ်ပါတယ်။ အဆိုရှင်ရဲ့တင်ပြချက်မှာ ကျွန်းသစ်ထုတ်လုပ်ခွင့်၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ထုတ်လုပ် ခြင်းလုပ်ငန်း၊ ပုလဲ၊ ကျောက်စိမ်းနှင့် တွင်းထွက်ကျောက်မျက်ရတနာပစ္စည်းများ ရှာဖွေထုတ်လုပ်ခြင်း လုပ်ငန်း၊ ရေနက်ဆိပ်ကမ်းစီမံကိန်း၊ မြို့ပြဖွံ့ဖြိုးတိုးတက်ရေးအတွက် မြို့သစ်ဖော်ထုတ်ခြင်းလုပ်ငန်း စီမံကိန်း၊ စက်ရုံ၊ အလုပ်ရုံနှင့် အခြားသောစီမံကိန်းအမျိုးမျိုးလို့ ဖော်ပြထားတာတွေ့ရပါတယ်။ ဒီစီမံကိန်းကြီးများဟာ တချို့လုပ်ငန်းစတင်နေပြီဖြစ်သလို လုပ်ငန်းမစတင်သေးဘဲ ကျန်နေသေးတဲ့ လုပ်ငန်းများလည်း ရှိနေသေးကြောင်းသိရပါတယ်။ ဒီစီမံကိန်းများရဲ့သက်တမ်းဟာ နှစ် ၃၀၊ နှစ် ၆၀ စသည်ဖြင့် ကြာမြင့်မှာဖြစ်သည့်အတွက် ဆုံးဖြတ်ချက်မှားရင် စီမံကိန်းသက်တမ်းရှိသည့်အတိုင်း ပြည်သူတွေခံစားရမှာဖြစ်ပါတယ်။ အခုအချိန်ဟာ ပြန်လည်စိစစ်ဖို့အတွက် နောက်မကျသေးတဲ့ အချိန်ပဲဖြစ်ပါတယ်။ ရခိုင်ပြည်နယ် ကျောက်ဖြူအထူးစီးပွားရေးဇုန်ကို ယခင်အစိုးရလက်ထက်

နောက်ဆုံးအချိန်မှာ တက်သုတ်ရိုက်လုပ်ဆောင်သွားခဲ့ပါတယ်။ အိမ်နီးချင်းနိုင်ငံများအတွက် အကျိုးရှိမှာဖြစ်ပေမယ့် မြန်မာနိုင်ငံအတွက်၊ ရခိုင်ပြည်နယ်အတွက် အကျိုးကျေးဇူးအနည်းအများကိုတော့ ပြန်လည်စိစစ်ဖို့လိုအပ်ပါတယ်။ ကျောက်ဖြူအထူးစီးပွားရေးဇုန် တည်ဆောက်နိုင်ရေးအတွက် နယ်နိမိတ်ဧရိယာ ၄၂၈၉.၃၇ ဧက၊ ရေနက်ဆိပ်ကမ်းစီမံကိန်းအမှတ်(၁) နယ်နိမိတ်ဧရိယာအကျယ် ၃၇၀.၆၆ ဧက၊ ရေနက်ဆိပ်ကမ်းစီမံကိန်းအမှတ်(၂) နယ်နိမိတ်ဧရိယာအကျယ် ၂၃၇.၂၂ ဧက၊ စက်မှုဇုန် စီမံကိန်းနယ်နိမိတ်ဧရိယာ ၂၄၄၆.၀၇ ဧကနှင့် အဆင့်မြင့်အိမ်ရာစီမံကိန်းနယ်နိမိတ်ဧရိယာ ၁၂၃၅.၃၇ ဧကတို့ပါဝင်ပါတယ်။

ယခင်အစိုးရလက်ထက်မှာ ကျောက်ဖြူအထူးစီးပွားရေးဇုန်အဖြစ် သတ်မှတ်နိုင်ရေးအတွက် အမိန့်ကြော်ငြာစာထုတ်ပြန်နိုင်ရေးကိုသာ ခွင့်ပြုခဲ့ပြီး ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ရမယ့်လုပ်ငန်းများကိုတော့ နောင်အစိုးရလက်ထက်မှာသာ ပွင့်လင်းမြင်သာစွာဖြင့် ဆက်လက်ဆောင်ရွက်ဖို့ ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၉ ရက်နေ့မှာ အတည်ပြုခဲ့ပါတယ်။ ကျောက်ဖြူအထူးစီးပွားရေးဇုန်စီမံကိန်းမှာ ဒေသခံပြည်သူလူထုပါဝင်မှုမရှိတာ၊ ပွင့်လင်းမြင်သာမှုမရှိဖြစ်နေတာကြောင့် ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့နယ်၊ မဒေးကျွန်းမှာအစပြုခဲ့တဲ့ ရွှေသဘာဝဓာတ်ငွေ့လုပ်ငန်းနဲ့ ရေနံပိုက်လိုင်းစီမံကိန်းလို စီမံကိန်းလည်ပတ်ခဲ့ပြီးဖြစ်ပေမယ့် ဒေသခံပြည်သူတွေအနေနဲ့ နေရာလျော်ကြေးရရှိမှုမရှိတာ မြေယာ၊ ဥယျာဉ်သစ်တောမြေဆုံးရှုံးတာ အသက်မွေးဝမ်းကျောင်းအလုပ်ကိုင်တွေပျက်စီးတာ လုံလောက်မျှတတဲ့ လျော်ကြေးငွေမရရှိတာ ထိခိုက်နစ်နာ တဲ့ဒေသခံတွေအတွက် အစားထိုးလုပ်ငန်းတွေ ဆောင်ရွက်ပေးမှုမရှိတာ အခြေခံလူ့အခွင့်အရေးတွေ ချိုးဖောက်ခံရတာ၊ သဘာဝပတ်ဝန်းကျင်ထိခိုက်မှုဆိုင်ရာအန္တရာယ်တွေအတွက် ဆက်လက်ကာကွယ်ဖို့၊ ကုစားဖို့အစီအစဉ်တွေမရှိတာနဲ့ ကြုံတွေ့နေရတဲ့ပြည်သူတွေအတွက် တာဝန်ယူမှု၊ တာဝန်ခံမှုမရှိတာစတဲ့ဖြစ်ရပ်တွေကို ရွှေသဘာဝဓာတ်ငွေ့စီမံကိန်းမှာ ကြုံတွေ့နေရသလို ကျောက်ဖြူအထူးစီးပွားရေးဇုန်စီမံကိန်းမှာလည်းပဲ အလားတူစီမံကိန်းများ၊ အလားတူပြဿနာများ ကြုံတွေ့ရမှာကို ဒေသခံပြည်သူတွေ စိုးရိမ်နေကြပါတယ်။ ဒါကြောင့်မို့လို့ ဒီမိုကရေစီစနစ် အောင်မြင်အောင်ဖော်ဆောင်နေသော အစိုးရတစ်ရပ်အနေနဲ့ ဒီစီမံကိန်းကြီးများနှင့် ပြည်သူလူထု၊ ပြည်သူလူထုနှင့် ဒီမိုကရေစီစနစ်ဆက်စပ်နေတာကြောင့် ဒီစီမံကိန်းကြီးများကို ပြန်လည်စိစစ်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို ထောက်ခံလိုက်ရပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ ဖားဆောင်းမဲဆန္ဒနယ်မှ ဒေါ်နန်းထွေးသူ ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဒေါ်နန်းထွေးသူ(ဖားဆောင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် အားလုံးကို မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်ဂါရဝပြုအပ်ပါတယ်ရှင်။ ကျွန်မ ကတော့ ကယားပြည်နယ်၊ ဖားဆောင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းထွေးသူ ဖြစ်ပါတယ်။ ပေါင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်မိကွန်ချမ်း တင်သွင်းတဲ့အဆိုကို ကျွန်မရဲ့မဲဆန္ဒနယ်ရှိ သတ္တုတွင်းစီမံကိန်းလုပ်ကွက်များအကြောင်းကို အနည်းငယ်တင်ပြ၍ ထောက်ခံ ဆွေးနွေးသွားပါ့မယ်ရှင့်။ ဒုတိယဥက္ကဋ္ဌကြီးရှင့်။ ကျွန်မတို့နိုင်ငံအနေနဲ့ ဒီမိုကရေစီနိုင်ငံကို စတင် ထူထောင်သွားမည်ဟု အတိအလင်းကြေညာထားသည်ကိုလည်း တစ်နိုင်ငံလုံးအသိပင်ဖြစ်ပါတယ်။ ဒီမိုကရေစီနိုင်ငံ၊ ဒီမိုကရေစီစနစ်ပြန့်ပွားစေချင်တယ်ဆိုရင် အရေးကြီးသောစီမံကိန်းလုပ်ငန်းမှန်သမျှ ကို ဒေသခံပြည်သူများနှင့်တိုင်ပင်ပြီး ပွင့်လင်းမြင်သာမှုများစွာနဲ့ သိသာ၊ မြင်သာအောင် လုပ်ဆောင် သလို ပြည်သူတွေရဲ့ဆန္ဒတွေကိုလည်း တတ်နိုင်သမျှအလေးထား၍ ညှိနှိုင်းဆောင်ရွက်စေလိုပါတယ်။ စီမံကိန်းများလုပ်ဆောင်ရာတွင်လည်း ဘယ်စီမံကိန်းမဆို တာဝန်ယူမှု၊ တာဝန်ခံမှုရှိရမည်။ တရားဥပဒေစိုးမိုးရေးကိုလည်း ဥပဒေအတိုင်း လေးစားလိုက်နာကျင့်သုံးရမှာဖြစ်ပါတယ်။ သို့မှသာ ပြည်သူများအားကိုးယုံကြည်ရတဲ့အစိုးရ၊ ကောင်းမွန်သောအုပ်ချုပ်ရေးစနစ်ဖြစ်လာမှာ ဖြစ်ပါတယ်။ ယခုဆိုရင် ကျွန်မတို့နိုင်ငံဟာ EITI အဖွဲ့ဝင်နိုင်ငံလောင်းအဖြစ်တည်ရှိပြီး ၂၀၁၇-၂၀၁၈ အမျိုးသား စီမံကိန်းမူဝါဒလုပ်ငန်းစဉ်အရ အဖွဲ့ဝင်နိုင်ငံဖြစ်လာသည်အထိ ဆက်လက်လုပ်ဆောင်မည်ဟု အတိအလင်းဖော်ပြထားပြီးဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ EITI စံချိန်စံနှုန်းများအရ FTIC ပါအချက်များ EIA၊ SIA လုပ်ထုံးလုပ်နည်းများကို အတိအလင်းလုပ်ဆောင်ရန် လိုအပ်သည့်အချိန်အခါလည်း ဖြစ်ပါတယ်။

ဖွဲ့စည်းပုံအခြေခံဥပဒေပြဋ္ဌာန်းချက်အရ အခန်း(၁) ပုဒ်မ ၄ တွင် နိုင်ငံတော်၏ အချုပ်အခြာ အာဏာသည် နိုင်ငံသားများထံမှ ဆင်းသက်လာသည်။ အခြေခံဥပဒေ အခန်း(၁) ပုဒ်မ ၃၇ ပုဒ်မခွဲ(က) တွင်လည်း နိုင်ငံတော်သည် နိုင်ငံတော်ရှိမြေအားလုံး၊ မြေပေါ်၊ မြေအောက်၊ ရေပေါ်၊ ရေအောက်၊ လေထုအတွင်းရှိ သယံဇာတပစ္စည်းအားလုံး၏ ပင်ရင်းပိုင်ရှင်ဖြစ်သည်ဟု အတိအလင်းဖော်ပြထား သည်ကိုလည်း တွေ့ရပါတယ်။ ထို့ကြောင့် နိုင်ငံတော်အစိုးရသစ်အနေဖြင့် တစ်နိုင်ငံလုံးရှိ စီမံကိန်း လုပ်ငန်းများအားလုံးနှင့်ပတ်သက်ပြီး လူတစ်စုအကျိုးစီးပွားအတွက်မဖြစ်စေဘဲ နိုင်ငံတော်နှင့် နိုင်ငံသားများအကျိုးအတွက် ဖြစ်စေရန်သေချာစိစစ်ပြီး ဂရုတစိုက်အသုံးချရန်နှင့် စနစ်တကျစီမံခန့်ခွဲ

ပေးရန် လိုအပ်ပါသည်။ အခြေခံဥပဒေပုဒ်မ ၄၅ တွင်လည်း နိုင်ငံတော်သည် သဘာဝပတ်ဝန်းကျင်ကို ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ရမည်ဟု အတိအလင်းပြဌာန်းထားပါတယ်။

ဒုတိယဥက္ကဋ္ဌကြီးရှင့်။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအောက်ရှိ မော်ချီး အမှတ်(၂) သတ္တုတွင်းလုပ်ငန်းတည်ရှိရာ မော်ချီးဒေသသည် ကျွန်မရဲ့မဲဆန္ဒနယ်ဖြစ်သလို လက်ရှိမှာလည်း သတ္တုတူးဖော်ရေးလုပ်ငန်းများ လုပ်ကိုင်လျက်ရှိသော စီမံကိန်းများစွာရှိပါတယ်။ အချို့စီမံကိန်းလုပ်ငန်းများသည် ပွင့်လင်းမြင်သာမှု၊ တာဝန်ယူမှု၊ တာဝန်ခံမှုမရှိဘဲ သတ္တုများ တူးဖော်လုပ်ကိုင်ဆောင်ရွက်လျက်ရှိနေပါတယ်။ စီမံကိန်းလုပ်ငန်းကိုသာ လုပ်ကိုင်နေကြပြီး ဒေသခံနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအတွက်ကိုမူ မည်သည့်စီမံကိန်းကမှ လုပ်ကိုင်ဆောင်ရွက်ပေးထားခြင်းမရှိပါ။ မော်ချီးသတ္တုတွင်းကို ယခင်က ဝန်ကြီးဌာနမှ လုပ်ကိုင်ခဲ့သော်လည်း ပုဂ္ဂလိကသို့ လွှဲပြောင်းလုပ်ကိုင်သောမူဝါဒအရ ကုမ္ပဏီကို ၁-၆-၁၉၈၈ ရက်နေ့တွင် လွှဲပြောင်းပေးခဲ့ပြီးသည့်နောက် ကုမ္ပဏီများ၏ စည်းစနစ်မကျတဲ့သယံဇာတထုတ်ယူမှုကြောင့် သဘာဝပတ်ဝန်းကျင်များနှင့် ကျေးရွာများကို ထိခိုက်ပျက်စီးစေခဲ့ပါတယ်။ နှစ်ပေါင်းများစွာထုတ်ယူသွားသော ခဲသတ္တုများကို သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအရ ယခုအချိန်အထိ ပြန်လည်ကုစားပေးခဲ့ခြင်း တစ်ကြိမ်တစ်ခါပင်မရှိခဲ့သလို ပျက်စီးဆုံးရှုံးသွားသော ရေဝေရေလဲသစ်တောများကိုလည်း ပြန်လည်စိုက်ပျိုးပေးခဲ့ခြင်းမရှိခဲ့ပါ။ ဒါကြောင့် လူများဖန်တီးသော သဘာဝဘေးအန္တရာယ်ကို ဒေသခံပြည်သူများ ကြုံတွေ့ခံစားနေရပါတယ်။ ၂၀၁၇-၂၀၁၈ အမျိုးသားစီမံကိန်းမူဝါဒရည်မှန်းချက်တွင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ မူဝါဒများအနက် တွင်းထွက်နှင့် သတ္တုတူးဖော်ရေးလုပ်ငန်းများနှင့်ပတ်သက်သည့် ဓာတ်သတ္တု၊ သယံဇာတများထုတ်လုပ်မှုကြောင့် ရေ၊ မြေ၊ သဘာဝနှင့် ပတ်ဝန်းကျင်ထိခိုက်ယိုယွင်းပျက်စီးမှုအနည်းဆုံးဖြစ်စေရေး အလေးထားဆောင်ရွက်ရန် ပျက်စီးသွားသည်များကိုလည်း ပြန်လည်ထူထောင်ရေးဦးစားပေးဆောင်ရွက်ရန်နှင့် သတ္တုတွင်းလုပ်ငန်းများ လုပ်ကွက်ပိတ်သိမ်းမှသာ အများပြည်သူပြန်လည်အသုံးပြုနေထိုင်နိုင်သည့် ပတ်ဝန်းကျင်အဖြစ် ပြန်လည်ထူထောင်ရေးဆိုပြီး ဖော်ပြထားသည်ကို တွေ့ရပါတယ်။ သို့ဖြစ်ပါ၍ မော်ချီးဒေသရှိ ပျက်စီးသွားသော သဘာဝပတ်ဝန်းကျင်နှင့် ကျေးရွာများကို ပြန်လည်ထူထောင်ပေးရန် လိုအပ်လျက်ရှိပြီး လုပ်ကွက်လုပ်ကိုင်ခဲ့သော ကုမ္ပဏီများမှဖြစ်စေ၊ သက်ဆိုင်ရာဝန်ကြီးဌာနအနေဖြင့်ဖြစ်စေ ဒေသနေပြည်သူများ၏ ဒုက္ခကို ငဲ့ညှာသောအားဖြင့် ပြန်လည်ကုစားပေးစေလိုပါတယ်။ သို့မှသာ ပြည်သူများအမြင်တွင် သံသယရှင်းသော၊ သန့်ရှင်းသော၊ တာဝန်ယူမှု၊ တာဝန်ခံမှုရှိသောအစိုးရတစ်ရပ်အဖြစ် ရှုမြင်နိုင်ကြမည်ဟု ထင်မြင်ယူဆမိပါတယ်။

23-6-2017 (Record)

ဒုတိယဥက္ကဋ္ဌကြီးရှင့်။ မော်ချီးဒေသတွင် ယခင်အစိုးရလက်ထက်ကတည်းက လုပ်ပိုင်ခွင့်ဖြင့် ခွင့်ပြုထားသော သတ္တုထုတ်လုပ်ရေးကုမ္ပဏီ၏ လုပ်ကွက်ဧရိယာသည် ဧက ၇၀၀၀ ကျော်ရှိပြီး စီမံကိန်း မြေနေရာတွင် ပါဝင်နေသည့် မော်ချီးကျေးရွာအုပ်စု၏ ကျေးရွာများမှ ဒေသခံများ၏ စိုးရိမ်ပူပန်မှုဖြင့် တိုင်ကြားတင်ပြလာမှုများအပေါ်မှာလည်း ပြည်ထောင်စုအစိုးရမှ ပြန်လည်စိစစ်၍ ဆောင်ရွက်စေလို့ပါတယ်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် အမျိုးသားစီမံကိန်းဥပဒေကြမ်း အခန်း(၃) အထွေထွေပိုင်း၏ စီမံကိန်းများအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် စီမံကိန်းများအား သေချာလေ့လာဆန်းစစ်၍ နိုင်ငံတော်နှင့် နိုင်ငံသားများအကျိုးစီးပွားအတွက် အမှန်တကယ်အကျိုးဖြစ်ထွန်းစေမည့်စီမံကိန်းများ ဆက်လက်အကောင်အထည်ဖော်ရန်၊ သို့ရာတွင် အကျိုးစီးပွားဖြစ်ထွန်းမှုမရှိသော စီမံကိန်းများအား ငြင်းပယ်ခြင်း၊ ဆိုင်းငံ့ခြင်း၊ လျှော့၍ခွင့်ပြုခြင်းများ ဆောင်ရွက်ရန် အတိအလင်းဖော်ပြထားပြီးဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ကျွန်မမဲဆန္ဒနယ်ရှိ အမှတ်(၂) သတ္တုတွင်း စီမံကိန်းနှင့်ဆက်စပ်လုပ်ကိုင်လျက်ရှိသောကုမ္ပဏီများတွင် အရှုံးဖြစ်ပေါ်နေသော စီမံကိန်းလုပ်ငန်းများကို သေချာပြန်လည်စိစစ်ပြီး ထုတ်လုပ်ခွင့်ဆိုင်းငံ့၍ သက်တမ်းတိုးခြင်းတို့ကိုလည်း ရပ်ဆိုင်းထားသင့်ပါတယ်။ နိဂုံးချုပ်အနေဖြင့် အဆိုရှင်တင်ပြခဲ့သလိုပင် မိမိတို့နိုင်ငံ၊ မိမိတို့မဲဆန္ဒနယ်ရှိ အချို့သော နှစ်ရှည်စီမံကိန်းများသည် ပြည်သူများမသိလိုက်ဘဲ ဥပဒေပါပြဋ္ဌာန်းချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်ညီ/မညီ၊ တရားမျှတမှုရှိ/မရှိဆိုတာကို အမှန်တကယ်ပြန်လည်စိစစ်ရန် လိုအပ်နေပြီး ပြည်သူများ၏ အသက်၊ အိုးအိမ်၊ စည်းစိမ်ကို ထိခိုက်နစ်နာ။

**ဒုတိယဥက္ကဋ္ဌ**။ ။ စမ်းချောင်းမဲဆန္ဒနယ်မှ ဦးဘိုဘိုဦး ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးဘိုဘိုဦး(စမ်းချောင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ဒုတိယဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါ။ ဒေါ်မိကွန်ချမ်း၊ ပေါင်မဲဆန္ဒနယ်က တင်သွင်းထားခဲ့တဲ့ နိုင်ငံတစ်ဝန်းလုံးရှိ ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်များကို ထိခိုက်နစ်နာစေပြီး ပြည်သူများသဘောမတွေ့၊ လက်မခံသော နှစ်ရှည်စီမံကိန်းများနှင့် ခေတ်အဆက်ဆက်အစိုးရက ခွင့်ပြုထားသည့်လုပ်ငန်းများကို ပြန်လည်စိစစ်ပေးပါရန် ပြည်ထောင်အစိုးရကို တိုက်တွန်းကြောင်းအဆိုကို ကျွန်တော် စမ်းချောင်းမဲဆန္ဒနယ်မှ ဦးဘိုဘိုဦးက အကြံပြုဆွေးနွေးသွားမှာဖြစ်ပါတယ်။

ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင်တင်ပြသွားခဲ့တဲ့အဆိုကို လေ့လာကြည့်တဲ့အခါမှာ ပြည်သူလူထုရဲ့ အသက်အိုးအိမ်စည်းစိမ်များကို မထိခိုက်မနစ်နာစေလိုတဲ့စေတနာ၊ ပြည်သူများရဲ့ ဆန္ဒကိုမဆန့်ကျင်သင့်တဲ့ကျင့်ဝတ်တို့ကို လေးစားလိုက်နာဖို့ စေတနာရှေ့ထားပြီး တင်သွင်းခဲ့တာကို

တွေ့ရှိခဲ့ရပါတယ်။ အဆိုရှင်ထည့်သွင်းဆွေးနွေးထားခဲ့တဲ့ အုတ်တံတားကျေးရွာ အထက်နားမှာရှိတဲ့ လမ်းခင်းကျောက်ထုတ်လုပ်ရေး ကျောက်မိုင်းဟာ ကျေးရွာပြည်သူများအတွက် အမှန်တကယ် အန္တရာယ်ရှိနေသည်ဆိုပါက အဆိုပါကျောက်မိုင်းတည်ရှိမှုကို ပြန်လည်သုံးသပ်သင့်ပါတယ်။ လမ်းခင်း ကျောက်ထုတ်လုပ်ရေးဟာ အခြေခံအဆောက်အဦဖွံ့ဖြိုးမှုအတွက် မရှိမဖြစ်လိုအပ်တယ်ဆိုတာကို လည်း မငြင်းနိုင်ပါဘူး။ ကျောက်မိုင်းများက လမ်းခင်းကျောက်ကိုထုတ်ရာမှာ ပြည်သူများအန္တရာယ် ကင်းဖို့နဲ့ လူ့အခွင့်အရေးကိစ္စရပ်များကိုလည်း အထူးထည့်သွင်းစဉ်းစားသင့်ပါတယ်။

ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင် ညွှန်းပြပြောဆိုတင်ပြခဲ့တဲ့ စီမံကိန်းများနဲ့လုပ်ကိုင်ခွင့်ပြု ထားတဲ့ လုပ်ငန်းအမျိုးအစားတွေကို ကြည့်မည်ဆိုလျှင် ကျွန်းသစ်ထုတ်လုပ်ရေးလုပ်ငန်း၊ သဘာဝ ဓာတ်ငွေ့ထုတ်လုပ်တဲ့လုပ်ငန်း၊ ဘိလပ်မြေထုတ်လုပ်တဲ့လုပ်ငန်း၊ ပုလဲ၊ ကျောက်စိမ်းနဲ့တွင်းထွက် ကျောက်မျက်ရတနာထုတ်လုပ်တဲ့လုပ်ငန်းများ၊ လမ်းခင်းကျောက်ထုတ်လုပ်တဲ့ ကျောက်မိုင်းလုပ်ငန်း များ၊ ရေနက်ဆိပ်ကမ်းစီမံကိန်း၊ မြို့ပြဖွံ့ဖြိုးရေးအတွက် မြို့သစ်ဖော်ထုတ်ရေးလုပ်ငန်းများ၊ ပြည်ပ တင်ပို့ ရောင်းချတဲ့လုပ်ငန်း၊ ဆောက်လုပ်ရေးစီမံကိန်းများ၊ စက်ရုံအလုပ်ရုံနှင့် လျှပ်စစ်စီမံကိန်းများ၊ ဆည်မြောင်းတာတမံစတဲ့ စီမံကိန်းများပါဝင်ခဲ့လို့ မဟာဗျူဟာမြောက်လုပ်ငန်းကြီးများဖြစ်ပြီး ဖွံ့ဖြိုးရေးအတွက် အရေးပါတဲ့လုပ်ငန်းတွေဖြစ်နေတယ်ဆိုတာကိုလည်း တွေ့ရှိခဲ့ရပါတယ်။ ဒီနေရာမှာ အဆိုရှင်ရဲ့အဆိုဟာ အတော်ပင်ကျယ်ပြန့်နေပါတယ်ဆိုတာကို ကျွန်တော်သတိပြုမိခဲ့ပါတယ်။

ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံဖွံ့ဖြိုးတိုးတက်မှုအတွက် အစိုးရတစ်ရပ်အနေနဲ့ လုပ်ကိုင်ပြီ ဆိုရင် ရင်းနှီးမြှုပ်နှံသူများကို မိတ်ဖက်လုပ်ငန်းစားအဖြစ် ရှုမြင်ဖို့လည်းလိုအပ်ပါတယ်။ မလိုအပ်ပါဘဲ ခွင့်ပြုထားတဲ့လုပ်ငန်းများကို စစ်ဆေးမှုတွေပြုလုပ်ပြီး မလိုအပ်ဘဲရစ်နေမယ်ဆိုရင် စီးပွားရေးရပ်ဝန်း ဟာ တုန်လှုပ်ခြောက်ခြားစွာနဲ့ ကျီးလန့်စာစားနေရသလို ဖြစ်နေမှာကိုလည်း အထူးပင်စိုးရိမ်မိပါတယ်။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေရေးဆွဲခဲ့စဉ်က မိတ်ဖက်အခြေခံများ အားကောင်းစေဖို့ အထူးအလေး ထားစဉ်းစား ရေးဆွဲခဲ့ကြရတယ်ဆိုတာကိုလည်း မမေ့သင့်ပါဘူး။ ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ဖွဲ့စည်းပုံ အခြေခံဥပဒေအရ ကျွန်တော်တို့နိုင်ငံရဲ့ လက်ရှိ ပြည်သူ့ကိုယ်စားလှယ်တွေနဲ့ဖွဲ့စည်းထားတဲ့ လွှတ်တော်အသီးသီးဟာ အခြေခံကျတဲ့မဏ္ဍိုင်တစ်ခုနေရာမှာ တည်ရှိနေပါတယ်။ လွှတ်တော်ကနေ တစ်ဆင့် ပြည်ထောင်စုအဆင့်အစိုးရပါ တဖြည်းဖြည်းချင်း ရုပ်လုံးပေါ်လာပြီးနောက် နိုင်ငံတာဝန်များ ကို ထမ်းဆောင်ရာမှာ ပြည်သူလူထုရဲ့ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်စောင့်ရှောက်ခြင်း၊

နိုင်ငံဖွံ့ဖြိုးတိုးတက်စေရန် ကြိုးပမ်းခြင်းတို့ကို စဉ်ဆက်မပြတ် အားထုတ်နေတာကိုလည်း တွေ့ရပါတယ်။

ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ လူထုနဲ့လူတစ်စုဟာ ခြားနားသလို လူထုရွေးချယ်တင်မြှောက်ထားတဲ့ အစိုးရတစ်ရပ်ဟာ အခြေခံဥပဒေနှင့်အညီ ဥပဒေလုပ်ထုံးများနှင့်အညီ တာဝန်ခံမှု၊ တာဝန်ယူမှုရှိစွာနဲ့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရှေးရှုပြီး ပြတ်သားစွာလုပ်ဆောင်သင့်ပါတယ်။ အခုအချိန်ဟာ ဖွံ့ဖြိုးရေး အတွက်စီမံကိန်းများကို တိုးမြှင့်လုပ်ဆောင်ရမယ့်အချိန်လည်းဖြစ်ပါတယ်။ နိုင်ငံရေးသမားနှစ်မျိုး ရှိပါတယ်။ ဦးနှောက်ကိုဦးစားပေးတဲ့ နိုင်ငံရေးသမားနဲ့ နှလုံးသားကိုဦးစားပေးတဲ့နိုင်ငံရေးသမားပါ။ ဦးနှောက်ကိုဦးစားပေးလို့ရှိရင် စိတ်ခံစားမှုလျော့တတ်ပါတယ်။ နှလုံးသားကိုဦးစားပေးရင်တော့ စီရင်နိုင်မှုလျော့နိုင်ပါတယ်။ ဦးနှောက်ရော၊ နှလုံးသားရော မျှတစွာကျင့်သုံးနိုင်တဲ့ နိုင်ငံရေးသမားတွေ များများပေါ်ထွက်ပါစေလို့၊ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်နိုင်ပါစေလို့ ကျွန်တော့် အနေနဲ့ အကြံပြုရင်းဆွေးနွေးလိုက်ရပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ ပုပ္ပသီရိမဲဆန္ဒနယ်မှ ဦးရည်မွန် (ခ) မောင်တင်သစ် ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးရည်မွန်(ခ)မောင်တင်သစ်(ပုပ္ပသီရိမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ပုပ္ပသီရိမဲဆန္ဒနယ်က ဦးရည်မွန် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ အရင်အစိုးရအဆက်ဆက်လက်ထပ်က ခွင့်ပြုထားတဲ့စီမံကိန်းတွေ၊ လုပ်ငန်းတွေကို ပြန်လည်စိစစ်ဖို့ တိုက်တွန်းထားတဲ့ ဒေါ်မိကွန်ချမ်းရဲ့ အဆိုကိုထောက်ခံဆွေးနွေး သွားမှာ ဖြစ်ပါတယ်။ အဲဒီတော့ စီမံကိန်းတွေကို ပြန်လည်စိစစ်မယ်ဆိုရင် အရင်ဆုံးကျွန်တော်တို့ ကြည့်သင့်တာက ဒီဆောင်ရွက်ချက်ဟာ ဥပဒေနဲ့ညီ/မညီဆိုတဲ့အချက်ပါ။ ဒါနဲ့ပတ်သက်ရင် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် အမျိုးသားစီမံကိန်းဥပဒေရဲ့ ပုဒ်မ ၆ ကို ရှေ့ကလွှတ်တော်ကိုယ်စားလှယ်တွေ လည်း ရည်ညွှန်းခဲ့ပြီးဖြစ်ပါတယ်။ ဒီပုဒ်မမှာ ဘယ်လိုဖော်ပြထားသလဲဆိုတော့ သက်ဆိုင်ရာဌာနနှင့် အစိုးရအဖွဲ့အစည်းများသည် စီမံကိန်းများအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် စီမံကိန်းများအား လေ့လာဆန်းစစ်၍ နိုင်ငံတော်နှင့်နိုင်ငံသားများအကျိုးအတွက် အမှန်တကယ်အကျိုးဖြစ်ထွန်းစေမည့် စီမံကိန်းများအား ဆက်လက်အကောင်အထည်ဖော်ရမည်။ သို့ရာတွင် အကျိုးစီးပွားဖြစ်ထွန်းမှု မရှိသော စီမံကိန်းများအားငြင်းပယ်ခြင်း၊ ဆိုင်းငံ့ခြင်း၊ လျှော့၍ခွင့်ပြုခြင်းများ ဆောင်ရွက်ရမည်လို့

ဖော်ပြထားတာတွေ့ရတဲ့အတွက် ကျွန်တော်တို့ စီမံကိန်းတွေကို ပြန်လည်စိစစ်တယ်ဆိုတဲ့အလုပ်ဟာ ဥပဒေနဲ့ညီညွတ်တယ်လို့ တစ်ထစ်ချပြောနိုင်ပါတယ်။

ဒုတိယအချက် ဆက်ကြည့်သင့်တာက ကျွန်တော်တို့နိုင်ငံမှာ ဒီလိုစီမံကိန်းတွေကို ပြန်လည်စိစစ်တဲ့ အတွေ့အကြုံရောရှိခဲ့ဖူးသလား။ အသေအချာရှိခဲ့ဖူးပါတယ်။ အထင်အရှားဆုံးကတော့ လက်ပံတောင်းတောင်ကျေးနီစီမံကိန်းနဲ့ မြစ်ဆုံဆည်စီမံကိန်းတို့ဖြစ်ပါတယ်။ ၂၀၁၂-၂၀၁၃ ခုနှစ်မှာ လက်ပံတောင်းတောင်ကျေးနီစီမံကိန်း စုံစမ်းစစ်ဆေးရေးကော်မရှင်ကို ဖွဲ့စည်းပြီးတော့ ပြန်လည်စိစစ်တဲ့အလုပ်လုပ်ခဲ့ပါတယ်။ ဒီကနေ့ကျွန်တော်တို့ရဲ့ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ကိုယ်တိုင် ဒီကော်မရှင်ကို ဦးဆောင်ဦးရွက်ပြုခဲ့တာပါ။ မြစ်ဆုံစီမံကိန်းနှင့် ပတ်သက်ရင်လည်း အစိုးရသစ်တက်လာပြီး ၂၀၁၆ ခုနှစ်ကစပြီးတော့ အထူးကော်မရှင်တစ်ရပ် ဖွဲ့စည်းပြီး ပြန်လည်စိစစ်တဲ့ လုပ်ငန်းလုပ်ဆောင်နေတာ ကျွန်တော်တို့ သိရပါတယ်။ ဒီကော်မရှင်က ထုတ်ပြန်ပေးမယ့် အပြီးသတ်အစီရင်ခံစာ ပေါ်ထွက်လာမည့်နေ့ကိုလည်း ပြည်သူအားလုံးက စောင့်မျှော်နေတယ်လို့ ကျွန်တော်တို့ နားလည်ပါတယ်။ အဲဒီတော့ ဒီလိုစီမံကိန်းတွေကို ပြန်စိစစ်တဲ့အတွက် နိုင်ငံမှာအကျိုးရှိသလား။ ဒါကို ကျွန်တော်တို့ ထပ်စဉ်းစားရပါမယ်။ အဲဒီတော့ အမှန်တကယ် အကျိုးရှိတယ်လို့ ပြောရပါတယ်။ အထူးသဖြင့် လက်ပံတောင်းတောင်စီမံကိန်းကို ပြန်လည်စိစစ်ခဲ့တဲ့ အကျိုးရလဒ်ကတော့ စီမံကိန်းစာချုပ်ကို ပြန်လည်ချုပ်ဆိုနိုင်ခဲ့တာပါပဲ။ အဲဒီတော့ စာချုပ်အဟောင်းမှာတုန်းက ထုတ်လုပ်မှုအပေါ်မှာ အကျိုးအမြတ်ခွဲဝေခံစားတဲ့စနစ်(Production Sharing Contract) အရ မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်က ၅၁ ရာခိုင်နှုန်း၊ ဝမ်ပေါင်ကုမ္ပဏီက ၄၉ ရာခိုင်နှုန်းခွဲဝေခံစားကြဖို့ ဖြစ်ပါတယ်။ နိုင်ငံတော်အနေနဲ့ကတော့ အခွန်ငွေကလွဲပြီးတော့ အကျိုးခံစားခွင့်ဟာ မရေမရာဖြစ်နေခဲ့တဲ့အနေအထားပါ။ စာချုပ်သစ်ပြန်လည်ချုပ်ဆိုနိုင်တဲ့အချိန်မှာ နိုင်ငံတော်အနေနဲ့ အခွန်အပါအဝင် ၅၁ ရာခိုင်နှုန်း၊ ဦးပိုင်က ၁၉ ရာခိုင်နှုန်းနဲ့ ဝမ်ပေါင်က ၃၀ ရာခိုင်နှုန်းခွဲဝေခံစားဖို့ ဖြစ်လာပါတယ်။ စာချုပ်ပြန်လည်ချုပ်ဆိုနိုင်ရုံတင်မကပါဘူး ကျွန်တော်တို့ ESIA ခေါ်တဲ့ သဘာဝပတ်ဝန်းကျင်နှင့်ဒေသခံတွေရဲ့ လူမှုစီးပွားရေးဘဝအပေါ်မှာ သက်ရောက်မှုတွေကို ပြန်လည်ဆန်းစစ်စေနိုင်ခဲ့တာ။ နောက် EMP ခေါ်တဲ့ သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှုတွေကို ဘယ်လိုကုစားပြီးတော့မှ ရေရှည်ဘယ်လိုထိန်းသိမ်းစောင့်ရှောက်မလဲဆိုတဲ့ အစီအမံတွေ ချမှတ်စေနိုင်ခဲ့တာတွေ ရှိခဲ့ပါတယ်။ ဒါ့အပြင် ဒေသခံတွေကို မြေယာလျော်ကြေး တိုးမြှင့်ပေးစေနိုင်ခဲ့တာ ဒေသခံတွေအတွက် အလုပ်အကိုင်အခွင့်အလမ်းတွေ ဖန်တီးပေးနိုင်ခဲ့တာ။ နောက် CSR ခေါ်တဲ့ ဒေသရဲ့ဖွံ့ဖြိုးရေးလုပ်ငန်းတွေကို ကုမ္ပဏီက တာဝန်ယူပြီးတော့ ဆောင်ရွက်စေနိုင်ခဲ့တာစတဲ့ အပေါင်း

လက္ခဏာဆောင်တဲ့ ရလဒ်တွေပေါ်ထွက်စေနိုင်ခဲ့တယ်လို့ တွေ့ရှိရပါတယ်။ ခြုံပြီးပြောမယ်ဆိုရင်တော့ လက်ပံတောင်းတောင်ကျေးနီစီမံကိန်း စုံစမ်းစစ်ဆေးရေးကော်မရှင်ရဲ့ ဆောင်ရွက်ချက်ဟာ ကျွန်တော်တို့နိုင်ငံအတွက် နမူနာကောင်းဖြစ်ခဲ့တယ်လို့ ပြောရပါမယ်။

အဲဒီတော့ စီမံကိန်းတွေကို ပြန်ပြီးစိစစ်မယ်ဆိုရင် ဘယ်လိုလုပ်ငန်းမျိုးတွေကို ဦးစားပေးပြီးတော့ ဆောင်ရွက်ဖို့လိုသလဲ။ ကျွန်တော့်အနေနဲ့တော့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနဲ့ ဆောင်ရွက်တဲ့စီမံကိန်းကြီးတွေ၊ နောက်သဘာဝပတ်ဝန်းကျင်နဲ့ လူမှုဘဝတွေအပေါ်မှာ သက်ရောက်မှုကြီးမားတဲ့ စီမံကိန်းတွေကတော့ မဖြစ်မနေပြန်လည်စိစစ်သင့်တယ်လို့ မြင်ပါတယ်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနဲ့ ဆောင်ရွက်တဲ့လုပ်ငန်းတွေထဲမှာတော့ နမူနာအနေနဲ့ပြောရင် မြန်မာ-တရုတ်ပိုက်လိုင်းစီမံကိန်းတို့၊ ကျောက်ဖြူ-ထားဝယ်-သီလဝါ အထူးစီးပွားရေးဇုန်စီမံကိန်းတို့၊ နောက်ရေနက်ဆိပ်ကမ်းစီမံကိန်းတို့ ဒါမျိုးတွေပါဝင်မှာဖြစ်ပါတယ်။ သဘာဝပတ်ဝန်းကျင်နှင့် လူမှုဘဝတွေအပေါ်မှာ သက်ရောက်မှုကြီးမားတဲ့စီမံကိန်းတွေထဲမှာတော့ အထူးသဖြင့် သယံဇာတတူးဖော်ထုတ်လုပ်မှုနှင့်သက်ဆိုင်တဲ့လုပ်ငန်းတွေပါဝင်ပါလိမ့်မယ်။ အဲဒီတော့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနဲ့ဆောင်ရွက်တဲ့ လုပ်ငန်းတွေကို ပြန်လည်စိစစ်တဲ့အခါမှာ အရေးတကြီး ထည့်သွင်းစဉ်းစားရမှာကတော့ နိုင်ငံရဲ့အချုပ်အခြာအာဏာပါပဲ။ အဲဒီတော့ ဒီလုပ်ငန်းတွေကြောင့် ကျွန်တော်တို့နိုင်ငံရဲ့ အချုပ်အခြာအာဏာအပေါ်မှာ ထိပါးမှုရှိသလား။ ကျွန်တော်တို့နိုင်ငံရဲ့အချုပ်အခြာအာဏာဟာ ဒီလုပ်ငန်းတွေအပေါ်သက်ရောက်မှုရှိသလားဆိုတာကို ကျွန်တော်တို့ ထည့်သွင်းစဉ်းစားဖို့လိုပါတယ်။ အဲဒီတော့ ဒီကနေ့အစိုးရဟာဆိုလို့ရှိရင် ပြည်သူကိုဗဟိုပြုတဲ့အစိုးရ ဖြစ်ပါတယ်။ အရင်စီမံကိန်းတွေခွင့်ပြုစဉ်တုန်းက ပြည်သူ့သဘောဆန္ဒကို မယူခဲ့ဘူးဆိုရင် အခုပြန်လည်စိစစ်တဲ့အခါမှာ ပြည်သူ့သဘောဆန္ဒကို ပြန်လည်ရယူဖို့လိုမှာဖြစ်ပါတယ်။ အဲဒီတော့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနဲ့ဆောင်ရွက်တဲ့လုပ်ငန်းတွေဆိုရင်လည်း နှစ်နိုင်ငံအကျိုးတူရေးကိုရှေးရှုပြီးတော့မှ ပြန်လည်ဆန်းစစ်သင့်ပါတယ်လို့ အကြံပြုရင်းနဲ့ ပေါင်မဲဆန္ဒနယ်က ဒေါ်မိကွန်ချမ်းရဲ့အဆိုကို ထောက်ခံဆွေးနွေးလိုက်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ ဆားလင်းကြီးမဲဆန္ဒနယ်မှ ဦးဝင်းသိန်းဇော် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးဝင်းသိန်းဇော်(ဆားလင်းကြီးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် ကြွရောက်လာကြသော ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ဆားလင်းကြီးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်

ကိုယ်စားလှယ် ဦးဝင်းသိန်းဇော် ဖြစ်ပါတယ်။ ဒေါ်မိကွန်ချမ်း၏အဆိုတွင် နိုင်ငံတစ်ဝန်းလုံးရှိ ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်များကို ထိခိုက်နစ်နာစေပြီး ပြည်သူများသဘောမတွေ့ လက်မခံသော နှစ်ရှည်စီမံကိန်းများနှင့် ခေတ်အဆက်ဆက်အစိုးရမှခွင့်ပြုထားသည့်လုပ်ငန်းများကို ပြန်လည်စိစစ်ပေးပါရန်ကိစ္စနှင့်ပတ်သက်၍ စက်မှုဝန်ကြီးဌာနရှိ အမှတ်(၂) သံမဏိစက်ရုံပင်းပက်အကြောင်းကို ဆွေးနွေးတင်ပြသွားမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံတွင် သံမဏိစက်ရုံတည်ဆောက်ရန်အတွက် သတ္တုတွင်းဝန်ကြီးဌာနမှ ၁၉၅၄ ခုနှစ်၊ ဓာတ်သတ္တုတွင်းအခြေအနေများကို တိုးတက်အောင်ဆောင်ရွက်ရေးကော်ပိုးရေးရှင်းဆိုပြီး Mineral Resources Development Corporation (MRDC)မှ ဆောင်ရွက်ခဲ့ပါတယ်။ ၁၉၆၁-၁၉၆၂ မှာ အနောက်ဂျာမနီမှ ကျွမ်းကျင်သူများနှင့် မြန်မာဘူမိဗေဒပညာရှင်တို့ ပူးပေါင်းစမ်းသပ်ချက်အရ သံမဏိစက်ရုံတည်ဆောက်နိုင်တဲ့ သံသတ္တုရိုင်းများ မြန်မာပြည်မှာရှိကြောင်း စမ်းသပ်တွေ့ရှိခဲ့ပါတယ်။

ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ Power Point သုံးခွင့်ပြုစေလိုပါတယ်။ အဲဒါကတော့ စက်ရုံတစ်ရုံတည်နေရာမြေပုံဖြစ်ပါတယ်။ တောင်ကြီးမြို့နဲ့ နီးပြီးတော့ မိတ္ထီလာ-တာချီလိတ်သွားတဲ့ လမ်းနဲ့လည်းနှစ်မိုင်လောက်ပဲ ဝေးတဲ့နေရာဖြစ်ပါတယ်။ အဲဒါစောစောကကျွန်တော်တင်ပြခဲ့တဲ့ သတ္တုရိုင်းသိုက်ကို ကျွန်တော်တို့ ၁၉၅၄ ခုနှစ်မှစပြီးတော့ ဂျာမန်နဲ့စတွေ့ခဲ့တဲ့ ဇယားဖြစ်ပါတယ်။ အဲဒါကတော့ Hematite ဆိုတဲ့ သံရိုင်း၊ သံတ္တုရိုင်းတွေ့တဲ့တောင်ဖြစ်ပါတယ်။ အံ့ဩစရာကောင်းတာက တစ်တောင်လုံးမှာ ၅၀ ရာခိုင်နှုန်းလောက်နီးပါးက သံဖြစ်ပါတယ်။ ပစ်ရမည့်ဟာက တစ်ဝက်လောက် ပဲပစ်ရမှာဖြစ်ပါတယ်။ ဒါကတော့ Limonite ခေါ်တဲ့ သံသတ္တုရိုင်းဖြစ်ပါတယ်။ စောစောက Hematite ထက်နည်းနည်းလေး သံရာခိုင်နှုန်းနည်းပါတယ်။ ဒါပေမဲ့ သူကတန်ချိန်မြောက်မြားစွာရှိပါတယ်။ သံချိန်သန်းပေါင်း ၇၀။ ဒီတောင်နှစ်လုံးပေါင်းလိုက်ရင်ရှိပါတယ်။ အဲဒါတွေက ကျွန်တော်တို့ရဲ့ ဘိုးဘွားအမွေအနှစ်တွေပါ။ ဒါကတော့ မြန်မာ့စီးပွားရေးကော်ပရေးရှင်း (MEC) ကနေပြီးတော့ အခုစက်မှုဝန်ကြီးဌာနမှာ ဆက်လက်လုပ်ကိုင်နေတဲ့ နှစ်စဉ်ခွင့်ပြုငွေ၊ တောင်းခံငွေစတဲ့ငွေလုံးငွေရင်း ရရှိငွေဖြစ်ပါတယ်။ ဒါနဲ့ပတ်သက်လို့ ကျွန်တော်လုပ်နေတာက ၉၈ ရာခိုင်နှုန်းလည်းလုပ်ငန်း အောင်မြင်ပြီးဆုံးသွားပြီဖြစ်ပါတယ်။

ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ Pig Iron ဆိုတဲ့သံစိမ်းကိုထုတ်လုပ်ရာမှာ အသုံးပြုတဲ့ကုန်ကြမ်းဖြစ်တဲ့ ထုံးကျောက်၊ ဒိုနိုမိုက်ကျောက်၊ ကျောက်မီးသွေး၊ သဲစသည်တို့ဟာလည်း အဆင်သင့် ကျွန်တော်တို့ တိုင်းပြည်မှာရှိနေတာဖြစ်ပါတယ်။ ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ ၂၀ ရက်နေ့တွင် မြန်မာ့စီးပွားရေး

ကော်ပိုရေးရှင်းနဲ့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ PPE တို့ဟာ Romeld နည်းစဉ်နဲ့ တစ်နှစ်လျှင် သံစိမ်း နှစ်သိန်းထုတ်နိုင်တဲ့ ပင်းပက်စီမံကိန်းကို စာချုပ်ချုပ်ဆို၍ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ ပါတယ်။ ပင်းပက်ကို ကျွန်တော်တို့သွားရောက်လေ့လာခဲ့တဲ့ ၂၀၁၆ ခုနှစ်နောက်ပိုင်းမှ ၂၀၁၆-၂၀၁၇ ငွေလုံးငွေရင်းဖြည့်စွက်ငွေလည်းရရှိပြီးဖြစ်တဲ့အတွက် နောက်ထပ်စောင့်ဆိုင်းနေတဲ့ပစ္စည်းများလည်း ရောက်လာပြီးတော့ ဆက်လက်လုပ်ကိုင်နေရာမှာ အခုဆိုရင် စောစောကတင်ပြခဲ့တဲ့ ၉၈ ရာခိုင်နှုန်း ထက်ပိုမိုပြီး ပြီးစီးပြီဖြစ်ပါတယ်။

ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ဒီစီမံကိန်းပြီးစီးရင် ထွက်ရှိလာမယ့်သံစိမ်းသည် ကုန်ကြမ်းများ မဝယ်ရသဖြင့် နိုင်ငံတကာပေါက်စျေးထက်သက်သာပြီး တွက်ခြေကိုက်မည်ဖြစ်ပါတယ်။ ဒါကြောင့် မို့လို့ ၉၈ ရခိုင်နှုန်းကျော်ပြီးစီးနေတဲ့ သံနှင့်သံမဏိစက်ရုံပင်းပက်ကို ပြန်လည်စိစစ်၍ ဆင်ပြောင်ကြီး အမြီးကျမှတစ်ဆိုတာမျိုးမဖြစ်စေဘဲ ပြီးစီးအောင် ဆက်လက်ဆောင်ရွက်သင့်ပါကြောင်း ဆွေးနွေး တင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ မိုက်ပိတ်ပေးပါ။

## ဒေါ်မိကွန်ချမ်း၊ ပေါင်မဲဆန္ဒနယ်က တင်သွင်းသည့်အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်းဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနက ပြန်လည်ရှင်းလင်းဆွေးနွေးရန်ဖြစ်ပါတယ်။

**ဦးမောင်မောင်ဝင်း(ဒုတိယဝန်ကြီး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန)**။ ။ လေးစား အပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထား သောဧည့်သည်တော်များအားလုံးကို မင်္ဂလာပါလို့ ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်က တော့ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း ဖြစ်ပါတယ်။ ကျွန်တော့် အနေနဲ့ မွန်ပြည်နယ်၊ ပေါင်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်မိကွန်ချမ်းရဲ့ နိုင်ငံတစ်ဝန်းလုံးမှာရှိတဲ့ ပြည်သူများရဲ့အသက်အိုးအိမ်စည်းစိမ်များကို ထိခိုက်နစ်နာပြီး ပြည်သူအများ သဘောမတွေ့ လက်မခံသော နှစ်ရှည်စီမံကိန်းများနှင့် ခေတ်အဆက်ဆက်အစိုးရက ခွင့်ပြုထားသည့် လုပ်ငန်းများကို ပြန်လည်စိစစ်ပေးပါရန် ပြည်ထောင်စုအစိုးရကို တိုက်တွန်းကြောင်းအဆိုနှင့် ပတ်သက်ပြီး ပြန်လည်ရှင်းလင်းတင်ပြမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ စီမံကိန်းများနှင့်ပတ်သက်ပြီးတော့ နိုင်ငံပိုင်အခန်းနှင့် ပုဂ္ဂလိကအခန်း ရင်းနှီးမြှုပ်နှံမှုစီမံကိန်းများအတွက်ကို သက်ဆိုင်ရာဌာနအဖွဲ့အစည်းများက ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်သူများနဲ့ ဘဏ္ဍာရေး၊ လူမှုရေး၊ စီးပွားရေးဖွံ့ဖြိုးမှုကို အထောက်အကူပြုနိုင်မှုတို့အပေါ်မှာ စိစစ်သုံးသပ်ခြင်း၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းနှင့် လူမှုရေးဆိုင်ရာထိခိုက်မှုဆန်းစစ်ခြင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနရဲ့ သဘောထားမှတ်ချက်တောင်းခံရယူခြင်း၊ ဆောင်ရွက်ဆဲ သို့မဟုတ် ဆောင်ရွက်မယ့်မြို့ပြစီမံကိန်းကို ထိခိုက်ခြင်းရှိ/မရှိ၊ မြို့နယ်ဒေသအလိုက် အလုပ်အကိုင် အခွင့်အလမ်းနှင့် ဒေသစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အကူဖြစ်/မဖြစ်၊ အဆိုပြုမြေ နေရာမှာ လုပ်ငန်းဆောင်ရွက်ခြင်းဟာ ဒေသခံတို့ရဲ့စီးပွားရေး၊ လူမှုရေး၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းမှုတို့အရ လက်ခံနိုင်ခြင်းရှိ/မရှိ၊ အမှန်တကယ်လုပ်ငန်းဆောင်ရွက်မည့်မြေနေရာ ဟုတ်/မဟုတ် စသည်တို့ကို သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့တို့ရဲ့ သဘောထား မှတ်ချက်များတောင်းခံရယူခြင်း စတဲ့လုပ်ငန်းစဉ်များကို ပြည့်စုံစွာဆောင်ရွက်ပြီးမှ ခွင့်ပြုမိန့်ထုတ်ပေး ခြင်း ဖြစ်ပါတယ်။

ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံရဲ့ ခေတ်အဆက်ဆက်အစိုးရများလက်ထက်မှာ နိုင်ငံတော်အတွက် လိုအပ်ချက်အရ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများ၊ နိုင်ငံသားပုဂ္ဂလိကလုပ်ငန်းရှင်များ နှင့် အစိုးရပုဂ္ဂလိကဖက်စပ်ရင်းနှီးမှုများအတွက် အနှစ် ၃၀၊ အနှစ် ၆၀ စသည်ဖြင့် နှစ်ရှည်စီမံကိန်း များကို ခွင့်ပြုမှုများ ရှိခဲ့ပါတယ်။ အဆိုပါစီမံကိန်းများဟာ သစ်ထုတ်လုပ်ခြင်းလုပ်ငန်း၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ထုတ်လုပ်ခြင်းလုပ်ငန်း၊ ပုလဲ၊ ကျောက်စိမ်းနှင့် တွင်းထွက်ကျောက်မျက်ရတနာများ ရှာဖွေထုတ်လုပ်ခြင်းလုပ်ငန်း၊ သတ္တုရှာဖွေထုတ်လုပ်ခြင်းလုပ်ငန်း၊ လမ်းခင်းကျောက်မိုင်းများ ထုတ်လုပ်ခြင်း၊ ရေနက်ဆိပ်ကမ်း၊ မြို့ပြဖွံ့ဖြိုးရေးအတွက် မြို့သစ်ထုတ်ဖော်ခြင်းစီမံကိန်း၊ ပြည်ပ တင်ပို့ရောင်းချခြင်းစီမံကိန်းများ၊ ဆောက်လုပ်ရေးလုပ်ငန်းစီမံကိန်း၊ စိုက်ပျိုးရေးစီမံကိန်း၊ စက်ရုံ၊ အလုပ်ရုံနှင့် အခြားသောစီမံကိန်းအမျိုးမျိုးတို့ ပါဝင်ပါတယ်။ မိမိတို့အစိုးရလက်ထက်မှာ အဆိုပါ စီမံကိန်းလုပ်ငန်းများကြောင့် သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးဆုံးရှုံးပြီး ပြည်သူအများ အသက် အိုးအိမ်စည်းစိမ်များ ထိခိုက်နစ်နာမှုများရှိကြောင်း ပြည်သူအများစုရဲ့ သဘောထားဆန္ဒတင်ပြချက် အရ စီမံကိန်းများအပေါ်မှာ ပြန်လည်စိစစ်မှုများ ပြုလုပ်ပေးရန် တောင်းဆိုလာခြင်းအပေါ်မှာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ(၂၀၁၂)အရ ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း၊ ပတ်ဝန်းကျင် ထိခိုက်မှုဆန်းစစ်ခြင်း၊ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်၊ လူမှုပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း စသည့်အစီရင်ခံစာများ၊ လူမှုအကျိုးပြုလုပ်ငန်းများ ဆောင်ရွက်မည့်အစီအစဉ် (CSR)အစီရင်ခံစာ

များ၊ ပြည်တွင်းရှိ ပတ်ဝန်းကျင်ဆိုင်ရာ လေ့လာစောင့်ကြည့်ရေးအဖွဲ့များ၏ သုံးသပ်ချက်၊ တွေ့ရှိချက်များ၊ အကြံပြုချက်များကိုရယူပြီး လိုအပ်သည့် ပြန်လည်စိစစ်ပြင်ဆင်မှုများ ဆောင်ရွက်ပေးခဲ့ပါတယ်။

နိုင်ငံအဝန်း တည်ဆောက်ထိန်းသိမ်းထားတဲ့ ဆည်မြောင်းနှင့် ရေအသုံးချမှုဆိုင်ရာစီမံကိန်းလုပ်ငန်းများနှင့်စပ်လျဉ်းပြီး ဒေသခံပြည်သူများက ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်ကြောင်း တင်ပြလာပါက အချိန်နှင့်တစ်ပြေးညီ သက်ဆိုင်ရာဌာနက ကွင်းဆင်းဖြေရှင်းဆောင်ရွက်ပေးခြင်း၊ လမ်း၊ တံတားများ ဖောက်လုပ်တည်ဆောက်ခြင်းနှင့်စပ်လျဉ်း၍ လမ်းကြောင်းတစ်လျှောက် လမ်းနယ်နှင့် မလွတ်ကင်းတဲ့ လယ်ယာမြေ၊ ဥယျာဉ်ခြံမြေ၊ အိမ်ခြံမြေအဆောက်အဦပိုင်ဆိုင်သူများ နစ်နာဆုံးရှုံးမှုမရှိစေရန် ကာယကံရှင်များ၊ သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းများ၊ လွှတ်တော်ကိုယ်စားလှယ်များ တွေ့ဆုံညှိနှိုင်းပြီးတော့ လယ်ယာမြေစီမံခန့်ခွဲမှုကော်မတီအဖွဲ့များနဲ့ လျော်ကြေးတန်ဖိုးသတ်မှတ်ကာ ကာယကံရှင်များရဲ့ သဘောတူကျေနပ်ချက်ဖြင့် စာချုပ်ချုပ်ဆို လျော်ကြေးပေးခြင်းတို့ကိုလည်း ဆောင်ရွက်ပေးလျက်ရှိပါတယ်။

ကျောက်ထုတ်လုပ်ခြင်းလုပ်ငန်းများနှင့်ပတ်သက်ပြီး မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ရဲ့ ခွင့်ပြုချက်ဖြင့် နှစ်ရှည်အကြီးစားကျောက်ထုတ်လုပ်ခြင်းနှင့် ကုမ္ပဏီလုပ်ငန်းရှင်အဖွဲ့အစည်းများမှ လမ်းခင်းကျောက်ထုတ်လုပ်ရန် လျှောက်ထားလာတဲ့အခါ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများက တင်ဒါအောင်မြင်သူများကို နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့ရဲ့ ထောက်ခံချက်နှင့်အတူ အသေးစားထုတ်လုပ်မှုများကို စိစစ်ခွင့်ပြုပါတယ်။ တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ ကုမ္ပဏီလုပ်ငန်းရှင်ပေါင်း ၁၂၅ ဦးကို စုစုပေါင်း ၃၀၄၀.၆၁ ဧက ခွင့်ပြုထားတာကို တွေ့ရှိရပါတယ်။

လွှတ်တော်ကိုယ်စားလှယ်ကြီးမေးမြန်းထားတဲ့ မွန်ပြည်နယ်၊ ပေါင်မြို့နယ် ကုလားမတောင်ကြိုးဝိုင်းမှာ ကုမ္ပဏီလုပ်ငန်းရှင် ၂၂ ယောက် စုစုပေါင်း ၁၆၅၄.၂၅ ဧကကို မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ရဲ့ ခွင့်ပြုမိန့်အရ လမ်းခင်းကျောက်ထုတ်လုပ်ရန် အနှစ် ၃၀ မြေငှားရမ်း၍ တစ်နှစ်လျှင် တစ်ဧကအတွက် မြေငှားရမ်းခ ကျပ် ၁၅၀၀၀ နှုန်းဖြင့် ခွင့်ပြုဧရိယာဧကအလိုက် အခွန်တော်ငွေနှင့် ကုန်သွယ်ခွန် ၅ ရာခိုင်နှုန်းကိုကောက်ခံပြီး သတ်မှတ်စည်းကမ်းချက် ၁၆ ချက်နှင့်အညီ သစ်တောဦးစီးဌာနနှင့် နှစ်ရှည်စာချုပ်ချုပ်ဆို ဆောင်ရွက်လျက်ရှိပါတယ်။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနရဲ့ဖြေကြားချက်အရ အဆိုပါလုပ်ငန်းရှင် ၂၂ ဦးအနက် ရွှေမြင့်မိုရ်ထွန်းကုမ္ပဏီလီမိတက်နှင့် ရာမညယူနိုက်တက်ကုမ္ပဏီလီမိတက်တို့ကို ၂၀၁၂-၂၀၁၃ ခုနှစ်မှာ

လည်းကောင်း၊ Kaung Myat Yemon Mining Co.,Ltd ကို ၂၀၁၄-၂၀၁၅၊ Global Vertex Group Co.,Ltd အား ၂၀၁၅-၂၀၁၆၊ ကျန်ကုမ္ပဏီလုပ်ငန်းရှင် ၁၈ ခုကတော့ ၂၀၁၃-၂၀၁၄ တို့မှာ ခွင့်ပြုခဲ့သည်ကို တွေ့ရပါတယ်။ ၂၀၁၅-၂၀၁၆ ခုနှစ်နှင့် ၂၀၁၆-၂၀၁၇ ခုနှစ်မှာ ကုမ္ပဏီလုပ်ငန်းရှင် ၁၃ ဦးသာ သက်တမ်းတိုးလုပ်ငန်းဆောင်ရွက်လျက်ရှိပြီးတော့ Unique Value Manufacturing Co.,Ltd နှင့် Kaung Myat Yemon Mining Co., Ltd နှစ်ခုတို့ကို သက်တမ်းတိုးဆောင်ရွက်ရန် အတွက် စိစစ်ဆောင်ရွက်လျက်ရှိပါတယ်။

စာချုပ်ပါစည်းကမ်းချက်များနှင့် မညီညွတ်တဲ့ကုမ္ပဏီခုနစ်ခုကို သက်တမ်းတိုးခွင့်ရပ်ဆိုင်း ထားပါတယ်။ ကျောက်ထုတ်လုပ်တဲ့ကုမ္ပဏီလုပ်ငန်းရှင်များက လုပ်ငန်းပမာဏပေါ်မှာမူတည်ပြီး ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း၊ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ် ခြင်းတို့ကို ရေးဆွဲရမည်ဖြစ်ရာ အဆိုပါ သက်တမ်းတိုးခွင့်ရပ်ဆိုင်းထားခံရတဲ့ ကုမ္ပဏီလုပ်ငန်းရှင်များ ခုနစ်ဦးက ရေးဆွဲဆောင်ရွက်ပြီးမှသာ ၎င်းလုပ်ငန်းရှင်များကို စိစစ်ပြီး စာချုပ်သက်တမ်းတိုးခွင့် ပြုမှာဖြစ်ကြောင်း တင်ပြထားပါတယ်။

ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ မွန်ပြည်နယ်၊ ပေါင်မြို့နယ်၊ ကုလားမတောင်ကြိုးဝိုင်းအတွင်း လမ်းခင်းကျောက်ထုတ်လုပ်ရန် ခွင့်ပြုထားတဲ့ ကုမ္ပဏီလုပ်ငန်းရှင်များအနက် ၁၁ ခုရဲ့ ကျောက်ထုတ် လုပ်ခွင့်ရဧရိယာဟာ ကတိုက်ဆည်ရေလောင်တမံရဲ့အောက်ဘက်၊ အနောက်မြောက်ဘက်အရပ် ၃ မိုင်ခန့်အကွာမှာတည်ရှိပြီး ကတိုက်ဆည်နှင့် အမြင့်ပေ ၂၆၃၇ ခန့်ရှိ ဇင်းကျိုက်တောင်ကြောခြားလျက် ရှိတဲ့အတွက်ကြောင့် ကတိုက်ဆည်ကို ထိခိုက်မှုမရှိနိုင်ပါကြောင်းနှင့် ဆည်ရဲ့ရေဝေရေလဲဧရိယာနှင့် လည်း ကင်းလွတ်မှုရှိပါကြောင်း တွေ့ရှိရပါတယ်။ အဆိုပါ ကတိုက်ဆည်နှင့် ၃ မိုင်ခန့်အကွာတွင် တည်ရှိတဲ့ ကျောက်မိုင်း ၁၁ ခုအနက် ခြောက်ခုဟာ လုပ်ငန်းဆောင်ရွက်ခြင်းမရှိဘဲ ကျန် ငါးခုသာ သက်တမ်းတိုးပြီးတော့ စာချုပ်စည်းကမ်းချက်များနှင့်အညီ ဆောင်ရွက်လျက်ရှိပါတယ်။ ကတိုက်ဆည် နှင့်ဝေးကွာတဲ့ ကျန်လုပ်ငန်းရှင်ကုမ္ပဏီများကလည်း စာချုပ်စည်းကမ်းချက်များနှင့်အညီ ဆောင်ရွက် လျက်ရှိပြီးတော့ သတ်မှတ်ထားတဲ့ စည်းကမ်းချက်များနှင့် မညီညွတ်တဲ့ကုမ္ပဏီများကို ထပ်မံစာချုပ် ချုပ်ဆိုခြင်းမရှိဘဲ လုပ်ငန်းဆောင်ရွက်မှု ရပ်နားထားမှာ ဖြစ်ပါတယ်။

ဓာတ်သတ္တုရှာဖွေခြင်း၊ စမ်းသပ်တိုင်းတာခြင်းနှင့် တူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်း ၁၅၄၀ ခု အနက် အကြီးစားတူးဖော်ထုတ်လုပ်မှု ၁၅၃ ခုသာလျှင် ၁၀ နှစ်နှင့်အထက် ခွင့်ပြုထားတဲ့ နှစ်ရှည် လုပ်ငန်းများဖြစ်ပါတယ်။ ကျန်အသေးစားထုတ်လုပ်မှုလုပ်ငန်းများကို သက်တမ်းငါးနှစ်အထိ လည်းကောင်း၊ စမ်းသပ်တိုင်းတာခြင်းလုပ်ငန်းများကို သက်တမ်းသုံးနှစ်အထိလည်းကောင်း၊ လက်လုပ်

လက်စားနှင့် အသေးစားအဆင့်လုပ်ငန်းများကို သက်တမ်းတစ်နှစ်အထိလည်းကောင်း ခွင့်ပြုခဲ့ပါတယ်။ အဆိုလုပ်ငန်းအားလုံးကို ဒေသဆိုင်ရာအာဏာပိုင်များ၊ ဆက်စပ်ဌာနဆိုင်ရာများနှင့် ကျေးရွာအုပ်ချုပ်ရေးမှူး၊ ဒေသခံပြည်သူတို့ရဲ့ ထောက်ခံချက်/သဘောတူညီချက်များရရှိမှသာ မြန်မာ့သတ္တုတွင်းနည်းဥပဒေနှင့်အညီ လုပ်ကိုင်ခွင့်ပြုခဲ့ခြင်းဖြစ်ပါတယ်။ ထို့အပြင် သတ္တုတူးဖော်တဲ့ကုမ္ပဏီများကို သဘာဝပတ်ဝန်းကျင်ထိခိုက်မှုလျော့နည်းစေရေးအတွက် မြေစာစွန့်ပစ်ရာမှာ စုပုံနေရာများမှာ စနစ်တကျစုပုံစေခြင်း၊ သတ္တုတွင်းကထွက်ရှိတဲ့စွန့်ပစ်ရေများကို နုန်းစုကန်၊ စွန့်ပစ်ကန်များအတွင်း အဆင့်ဆင့်ဖြတ်သန်းပြီးမှ ထုတ်လွှတ်စေခြင်း၊ တူးဖော်ထားတဲ့ကျင်းများ၊ ချိုင့်များ၊ ဂလိုဏ်များကို ပြန်လည်မြေဖို့ပြီးတော့ ဒေသနှင့်ကိုက်ညီတဲ့ နှစ်ရှည်ပင်၊ အရိပ်ရပင်များ စိုက်ပျိုးစေကာ ဂေဟစနစ်ထိန်းသိမ်းဆောင်ရွက်စေလျက်ရှိတဲ့အပြင် အချိန်မီစိုက်ပျိုးနိုင်ရန်အတွက် ပျိုးဥယျာဉ်များလည်း ထူထောင်ထားရှိစေပါတယ်။

လုပ်ကွက်အတွင်းမှာ သစ်ပင်များ ခုတ်လှဲခြင်းမပြုဖို့ ခွင့်ပြုမိန့်ပါ စည်းကမ်းချက်များမှာ ထည့်သွင်းထားပါတယ်။ ဓာတ်သတ္တုထုတ်လုပ်မှုများကြောင့် ဒေသခံပြည်သူများရဲ့ လူမှုစီးပွားထိခိုက်နစ်နာမှုမရှိစေရေးအတွက် EIA, SIA, HIA လုပ်ငန်းစဉ်၊ EMP များနှင့် Mine Closure Plan တို့ကို သတ္တုတူးဖော်မှု မစတင်မီကပင် စီမံဆောင်ရွက်ထားရှိစေရန်နှင့် စီးပွားရေးလုပ်ငန်းများရဲ့ လူမှုတာဝန်ယူမှု(CSR) အတွက် နှစ်စဉ်အမြတ်ငွေက လျာထားရေးကိုလည်းကောင်း စာချုပ်များမှာ ထည့်သွင်းချုပ်ဆိုစေလျက်ရှိပါတယ်။ သတ္တုတူးဖော်ထုတ်လုပ်မှုများကြောင့် ပတ်ဝန်းကျင်ထိခိုက်မှုများ၊ လူမှုစီးပွားဘဝထိခိုက်မှုများရှိလာပါကလည်း ဒေသခံများအနေဖြင့် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသို့ တရားဝင်စာဖြင့်လည်းကောင်း၊ E-mail ဖြင့်လည်းကောင်း၊ တယ်လီဖုန်းဖြင့်လည်းကောင်း ဆက်သွယ်၍ အချိန်နှင့်တစ်ပြေးညီ အရေးယူဆောင်ရွက်ပေးမှာဖြစ်ပါတယ်။

ကျောက်စိမ်း/ကျောက်မျက်တူးဖော်ခြင်းလုပ်ငန်းများကိုလည်း အများဆုံးငါးနှစ်အထိသာ ခွင့်ပြုသဖြင့် နှစ်ရှည်ဆောင်ရွက်သည့်လုပ်ငန်းမရှိပါ။ သို့ဖြစ်ပါ၍ လွှတ်တော်ကိုယ်စားလှယ်ကြီး၏ အဆိုသည် နိုင်ငံတော်နှင့်ပြည်သူအတွက် သင့်လျော်သောအဆိုဖြစ်ပါကြောင်း၊ အဆို၏စာသားများအရ ကျယ်ပြန့်သည့်သဘောရှိပါကြောင်း ယခုအခါ လုပ်ငန်းစီမံကိန်းများ ဆောင်ရွက်ရာမှာ နိုင်ငံတော်၏မူဝါဒ၊ ရည်မှန်းချက်များနှင့်ကိုက်ညီပြီး နိုင်ငံတော်အတွက် အကျိုးရှိမယ့်စီမံကိန်းများကိုသာ ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ လုပ်ကိုင်ခွင့်များချပေးလျက်ရှိပါကြောင်း၊ အများပြည်သူထိခိုက်နစ်နာမှုများ ရှိလာပါက လုပ်ကွက်ပိတ်သိမ်းခြင်း၊ စစ်ဆေးအရေးယူခြင်း၊ လျော်ကြေးငွေပေးချေစေခြင်း စသည်တို့ဖြင့် အရေးယူဆောင်ရွက်လျက်ရှိပါ

ကြောင်းနှင့် ခွင့်ပြုခဲ့ပြီးသည့် လုပ်ငန်းစီမံကိန်းများနှင့်စပ်လျဉ်း၍အများပြည်သူထိခိုက်နစ်နာမှုများ ပေါ်ပေါက်လာသဖြင့် နည်းလမ်းတကျတင်ပြလာသည့်စီမံကိန်းများကို သက်ဆိုင်ရာများက ပြန်လည် သုံးသပ်စိစစ်၍ လိုအပ်သည်များကို ပြန်လည်ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိပါသဖြင့် လွှတ်တော် ကိုယ်စားလှယ် ဒေါ်မိကွန်ချမ်း၏အဆိုအား လွှတ်တော်က မှတ်တမ်းတင်ထားရှိပေးပါရန် တင်ပြအပ် ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ အဆိုရှင်ရဲ့ သဘောထားပြောပါ။

**ဒေါ်မိကွန်ချမ်း(ပေါင်မဲဆန္ဒနယ်)**။ ။ အားလုံးမင်္ဂလာပါ။ ကျွန်မရဲ့အဆိုကို ဝိုင်းဝန်းပြီး တော့ ထောက်ခံဆွေးနွေးပေးတဲ့ကိုယ်စားလှယ်အားလုံးကိုလည်း ကျေးဇူးတင်ပါတယ်။ အခုလို ထောက်ခံဆွေးနွေးလိုက်တဲ့အတွက်ကြောင့်မို့လို့ တစ်နိုင်ငံလုံးမှာဖြစ်ပျက်နေတဲ့ အတိုင်းအတာကို ကျွန်မ အဆိုရှင်ကိုယ်တိုင် မသိတဲ့အပိုင်းလေးတွေလည်း ပိုပြီးတော့သိမြင်လာတယ်။ နောက်ပြည်သူတွေ လည်း ပိုပြီးတော့ ပွင့်လင်းမြင်သာမှုကြားခဲ့ရတယ်ဆိုတဲ့ဟာကိုလည်း ကျေးဇူးအများကြီးတင်ရှိပါတယ်။ ကျွန်မတို့နိုင်ငံမှာ စီမံကိန်းဆိုတဲ့အသံကိုကြားလိုက်တာနဲ့ စီးပွားရေးလုပ်ငန်းရှင်တွေအတွက်ကတော့ စီမံကိန်းက အင်မတန်မှချိုမြိန်တဲ့စကားလုံးလို့ ထင်တယ်။ ဒါပေမဲ့ ကျွန်မတို့ ပြည်သူတွေအနေနဲ့က ခံစားရတဲ့ သူတို့ရဲ့စည်းစိမ်အိုးအိမ်တွေပျက်စီးခဲ့ရတဲ့ ပြည်သူတွေအနေနဲ့ စီမံကိန်းဆိုတဲ့စကားလုံး ကြားလိုက်တာနဲ့က အင်မတန်ခါးသီးတဲ့စကားလုံးဆိုတာကို ဒါကို ကျွန်မတို့ ငြင်းပယ်လို့မရပါဘူး။ ဘာကြောင့် ဒီလိုဖြစ်ရတာလဲ။ ကျွန်မတို့ရဲ့ စီမံကိန်းချပေးကတည်းကိုက ပွင့်လင်းမြင်သာမှုမရှိခဲ့လို့ပဲ။

နောက်တစ်ချက်ကတော့ အခု ကိုယ်စားလှယ်တွေ အများအားဖြင့် ကြုံတွေ့နေရတာ ဒေသတွေ ဆင်းတဲ့အခါကျရင် ဒီလိုမျိုးစီမံကိန်းရှိတဲ့နေရာတွေမှာဆိုရင် ကျွန်မတို့ကို မေးခွန်းတွေအများကြီး အမေးခံရပါတယ်။ ဒီလိုမျိုးသဘောမတွေ့တဲ့စီမံကိန်းတွေ၊ ပြည်သူတွေ အိုးအိမ်စည်းစိမ်တွေကို ပျက်စီးတဲ့စီမံကိန်းတွေကို ဘယ်လိုများဆောင်ရွက်ပေးမလဲ ကိုယ်စားလှယ်ကြီးဆိုပြီးတော့ ကျွန်မတို့ အမေးခံခဲ့ရပါတယ်။ ဒါကို ကျွန်မတို့မှာ အဖြေရှာဖို့အတွက်က ပြန်လည်ဆန်းစစ်ပြီးတော့ ကျွန်မတို့ စနစ်တကျ ဒါတွေကို ခွင့်ပြုသင့်ရင်လည်း ခွင့်ပြုပါ။ ခွင့်မပြုသင့်ရင်လည်း ပိတ်သိမ်းပါဆိုတဲ့အဖြေ သည် ဒါ အမှန်ကန်ဆုံးဖြစ်ပါတယ်။ ကျွန်မတို့ ဒီလိုစီမံကိန်းကိုပေးတဲ့နေရာမှာ လုပ်ငန်းရှင်တွေအတွက် က စာချုပ်အပေါ်မှာသာ ဥပဒေနှင့်အညီလို့ဆိုပြီးတော့ လုပ်ဆောင်နေတာ တွေ့ရပါတယ်။ တကယ် တမ်းကျတော့ ကျွန်မတို့မှာ ဥပဒေသတ်မှတ်ထားပြီးသားပါ။ လုပ်ငန်းရှင်တွေက စာချုပ်အပေါ်မှာ ပွင့်လင်းမြင်သာမှုမရှိဘူး။ ကိုယ်လိုရာကိုယ်ဆွဲထားတဲ့ စာချုပ်တွေအပေါ်မှာသာ လိုက်နာဆောင်ရွက်

နေတာဖြစ်တယ်။ အများပြည်သူတွေကိုကျတဲ့အခါကျတော့ ဥပဒေနဲ့အညီဆိုပြီးတော့ အရေးယူဆောင်ရွက်မှုတွေလည်း အများကြီးကြုံတွေ့နေရပါတယ်။ ကျွန်မတို့ရဲ့ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၈) ပုဒ်မ ၃၉၀ မှာဆိုရင် နိုင်ငံသားတိုင်းသည် အမျိုးသားယဉ်ကျေးမှုအမွေအနှစ်ထိန်းသိမ်းစောင့်ရှောက်ရမယ်။ သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းစောင့်ရှောက်ရမယ်။ လူ့စွမ်းအားအရင်းအမြစ်တိုးတက်ရေးကို မြင့်မားစေရန် ကြိုးပမ်းပေးရမယ်။ အများပြည်သူပိုင်တဲ့ပစ္စည်းကိုထိန်းသိမ်းစောင့်ရှောက်ရမယ်ဆိုတာ နိုင်ငံသားတိုင်းမှာ နိုင်ငံတော်ကိုကူညီဖို့ တာဝန်ရှိပါတယ်။ ဒါကြောင့်မို့လို့ ကျွန်မတို့ ပြည်သူတွေအနေနဲ့ ပတ်ဝန်းကျင်ပျက်စီးတယ်။ ကျွန်မတို့ရဲ့ လူထုတွေဒုက္ခရောက်နေတဲ့စီမံကိန်းတွေကို ကန့်ကွက်ရမှာ ဒါ ကျွန်မတို့ရဲ့ နိုင်ငံသားတိုင်းမှာ တာဝန်ရှိတယ်။ ဒီလိုမျိုးကန့်ကွက်မယ်ဆိုရင်လည်း ဥပဒေနဲ့အညီဆိုပြီးတော့ အရေးယူဆောင်ရွက်နေတာတွေလည်း ကျွန်မတို့ ကြုံတွေ့ခဲ့ရပါတယ်။ အခုပြောသလိုပေါ့။ ကျွန်မတို့ရဲ့အစိုးရသစ်လက်ထက်မှာ ကြုံတွေ့နေရတဲ့အခက်အခဲတွေအများကြီးကိုလည်း ကျွန်မ နားလည်ပါတယ်။ ဒီလိုမျိုး စီမံကိန်းတွေအားလုံးကို ကျွန်မတို့ အကုန်လုံးပြန်ပြီးတော့ ဆန်းစစ်ဖို့အတွက် အခက်အခဲဖြစ်မယ်ဆိုတာလည်း သဘောပေါက်ပါတယ်။ အဓိကကတော့ ကျွန်မတို့ အခု ကိုယ်စားလှယ်တွေ၊ ထောက်ခံဆွေးနွေးတဲ့ကိုယ်စားလှယ်တွေ၊ တင်ပြတဲ့အကြောင်းအရာ၊ အချက်အလက်တွေသည် အင်မတန်ပဲမှန်ကန်တယ်။ အင်မတန်ပဲပြည်သူတွေဆီကနေ ဆင်းသက်လာတဲ့ ပြည်သူတွေကြုံတွေ့ရတဲ့ဒုက္ခတွေဆိုတာကို ကျွန်မတို့ကနေပြီးတော့ ဒါကို ပြန်လည်ဆန်းစစ်ပေးဖို့အတွက် ဒီအချက်ကလေးတွေကို အလေးထားပြီးတော့ ဆောင်ရွက်ပေးမယ်ဆိုရင်လည်း ကျွန်မ အများကြီးကျေးဇူးတင်ပါတယ်။ ဒုတိယဝန်ကြီး ရှင်းပြသလိုပဲ စီမံကိန်းတွေကို ပြည်သူတွေသဘောမတွေ့ဘူး။ ပြည်သူတွေ အသက်အိုးအိမ်စည်းစိမ်ကိုထိခိုက်တဲ့ စီမံကိန်းတွေကို ပြန်လည်ပြီးတော့ လုပ်ဆောင်နေပါတယ်။ နောက်နောင်လည်း စီမံကိန်းတွေကို ပြည်သူတွေပွင့်လင်းမြင်သာမှုရှိအောင် ကြိုးပမ်းနေပါတယ်လို့ ပြောကြားမှုအပေါ်မှာလည်း လေးလေးနက်နက်ကျေးဇူးအများကြီးတင်ရှိပါတယ်။ အခု ကျွန်မရဲ့အဆိုကို လွှတ်တော်ကနေပြီးတော့ မှတ်တမ်းတင်စောင့်ကြည့်ပေးပါလို့ တောင်းဆိုပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ရှင်။

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒေါ်မိကွန်ချမ်း၊ ပေါင်မဲဆန္ဒနယ်က တင်သွင်းသွားတဲ့အဆိုကို ကိုယ်စားလှယ် ၁၃ ဦးက ဆွေးနွေးပြီး စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနက အဆိုအား မှတ်တမ်းသင့်ကြောင်း ရှင်းလင်းခဲ့ပါတယ်။ အဆိုရှင်ကလည်း မှတ်တမ်းတင်ပေးရန် ရှင်းလင်းပြောကြားသွားပါတယ်။ ဒါ့ကြောင့် ဒီအဆိုနှင့်စပ်လျဉ်းပြီး မှတ်တမ်းတင်စောင့်ကြည့်ရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။

**ဒုတိယဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ဒေါ်မိကွန်ချမ်း တင်သွင်းတဲ့အဆိုကို လွှတ်တော်မှ မှတ်တမ်းတင်စောင့်ကြည့်မည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေး (၂၀)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၂၁)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**ဒုတိယဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၁ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေး (၂၀)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေး (၂၁)ရက်မြောက်နေ့ကို ၂၀၁၇ ခုနှစ်၊ ဇွန်လ ၂၆ ရက်(တနင်္လာနေ့) နံနက် ၁၀ နာရီအချိန်မှာ ဆက်လက်ကျင်းပသွားမှာဖြစ်ကြောင်း၊ ယနေ့ အစည်းအဝေးပြီးဆုံးကြောင်း ကြေညာအပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**အချိန်၊ ၁၂း၀၀။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေး (၂၀)ရက်မြောက်နေ့ကို ၁၂း၀၀ နာရီအချိန်တွင် ရပ်နားပါသည်။

# ပြည်သူ့လွှတ်တော်

ပြည်သူ့အသံ လွှတ်တော်အသံ

ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ

ပြည်သူတို့မျှော်လင့်ချက် လွှတ်တော်က ဖော်ဆောင်ရွက်